# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ(၆၅)၊ အမှတ်(၃၅၀)




ဒုတိယသမ္မတ ဦးညိုစော ချင်းကျိုးမြို့၌ ဉာဏ်ရည်တု(AI) နည်းပညာအသုံးပြု၍ အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများကို ကြည့်ရှုလေ့လာစဉ်။

## ဒုတိယသမ္မတ ဦးညိုစော ချင်းကျိုးမြို့ရှိ ဖျင်လုတူးမြောင်းနှင့် အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းတို့ကို ကြည့်ရှုလေ့လာပြီး ကွမ်ကျိုးမြို့တော်ဝန်အား လက်ခံတွေ့ဆုံ

ကွမ်ကျိုး စက်တင်ဘာ ၁၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့သို့ ရောက်ရှိပြီး ကွမ်တုန်းပြည်နယ် ကွမ်ကျိုးမြို့တော်ဝန် မစ္စတာ စွန်းကျီယန်အား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုမြှင့်တင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

## System Breakdown ဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြားချက်

နေပြည်တော် စက်တင်ဘာ ၁၉

အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ဓာတ်အားပေးစက်ရုံအချို့နှင့် ဓာတ်အားလိုင်းအချို့ ပုံမှန်လည်ပတ်ပို့လွှတ်နိုင်မှုမရှိသည့်အခြေအနေတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူများ ဓာတ်အားအပြည့်အဝရရှိစေရေးအတွက် စွန့်လွှတ်စွန့်စားစိတ်ဖြင့် ဖျက်ဆီးခံထားရသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ ဆက်စပ်လျက်ရှိသည့် ဓာတ်အားလိုင်းများ ပြောင်းလဲချိတ်ဆက်ခြင်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အခြေအနေတွင် စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီ ၂၆ မိနစ်၌ ၂၃၀ ကေဗွီ ရွှေတောင်-မြောင်းတကာ အမှတ် (၁) နှင့် (၂)ဓာတ်အားလိုင်းတွင် အပြစ်ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတစ်ဝန်း ဓာတ်အား ပြတ်တောက်မှု System Breakdown ဖြစ်ပေါ်ခဲ့ရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❇

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံစာအိတ်ကို စက်တင်ဘာလ ၂၈ ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို စက်တင်ဘာလ (၂၈) ရက်မှ အောက်တိုဘာလ (၁၆) ရက်အထိ စနေနေ့၊

စာမျက်နှာ ၃ ကော်လံ ၅ ❑


ယနေ့ မာတိကာ

အောင်မြင်သော ခရီးသွားလုပ်ငန်း၏ နောက်ကွယ်မှ ကောင်းမွန်သော စီမံအုပ်ချုပ်မှု ဆောင်းပါး စာ ၁၀

(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများ ဖိတ်ခေါ်ခြင်း ပြည်တွင်းသတင်း စာ ၁၅

ငှက်ပျောသီးထွက်ကောင်းမွန်ရေး ပင်ညှိုးရောဂါကာကွယ်ပေး ဆောင်းပါး စာ ၁၆


## "လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၊ MICC - 1 ၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ❂

## နီပေါနိုင်ငံသို့လာရောက်ကြမည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကြုံပစ္စည်းများ သယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သတိပြုရန် သံရုံးအသိပေး


ရန်ကုန် စက်တင်ဘာ ၁၉

နီပေါနိုင်ငံသို့လာရောက်ကြမည့် မြန်မာနိုင်ငံသားများအနေဖြင့် လူကြုံပစ္စည်းများ သယ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သတိပြုရန် စက်တင်ဘာ ၁၈ ရက်တွင် ခတ္တမန္ဒူမြို့ရှိ မြန်မာသံရုံးက ထုတ်ပြန်ထားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ❍

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၉



ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့

စာမျက်နှာ ၅ ကော်လံ ၁ ●

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**“ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ *ရွှေ့ဖုံးမှ*

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ချင်းကျိုးမြို့ရှိ ကုန်တင်သင်္ဘောများ ဖြတ်သန်းသွားလာရေးအတွက် ပင်လယ်မှ မြစ်သို့ တိုက်ရိုက်ဆက်သွယ်ထားသည့် ဖျင်လုတူးမြောင်း၏ မာတောက်(Madao) ဆုံမှတ်ကို သွားရောက်ကြည့်ရှုရာ ချင်းကျိုး ဒေသခံပါတီနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဖျင်လုတူးမြောင်း စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရရှိသည့်အကျိုးကျေးဇူးများနှင့် ဖြတ်သန်း သွားလာခွင့်ပြုနိုင်သည့် သင်္ဘောအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ချင်းကျိုးမြို့ရှိ ဉာဏ်ရည်တု (AI) နည်းပညာအသုံးပြု၍ အလိုအလျောက်စနစ်သုံး ကွန်တိန်နာဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများကို သွားရောက်ကြည့်ရှုလေ့လာရာ ဒေသခံအာဏာပိုင်နှင့် ဆိပ်ကမ်း တာဝန်ရှိသူများက ပြည်တွင်း ပြည်ပ သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်မှု အခြေအနေ၊ (AI)နည်းပညာအသုံးချ၍ ကုန်တင်ကုန်ချ ဆောင်ရွက်မှု အခြေအနေနှင့် ဒီဂျစ်တယ် နည်းပညာများ အပါအဝင် ထိပ်တန်း နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများနှင့် အဆင့်မြင့်နည်းပညာဖြင့် ဒေသတွင်း ချိတ်ဆက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

စက်တင်ဘာ ၁၇ ရက် ညနေပိုင်းကလည်း ဒုတိယသမ္မတသည် ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ လိယွမ်နိုင်ငံတကာကွန်ဖရင့်စင်တာ၌ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ ဝေထောင်အား လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းနှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အကောင်အထည်ဖော်မှု မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❈ *ရွှေ့ဖုံးမှ*

အဆိုပါ ချွတ်ယွင်းသွားသော ၂၃၀ ကေဗွီ ရွှေတောင် - မြောင်းတကာ ဓာတ်အားလိုင်းအား တာဝန်ရှိဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးနေစဉ်အတွင်း ပြည်သူများ ဓာတ်အားပြတ်တောက်မှု ကြန့်ကြာမှုမရှိစေရန်အတွက် အဆိုပါလိုင်း ပြင်ဆင်ပြီးစီးသည့်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ အခြားသော ဓာတ်အားပေးစက်ရုံများမှတစ်ဆင့် ဓာတ်အားစနစ် အမြန်ဆုံး ပြန်လည်ကောင်းမွန်လာစေရေး ချက်ချင်းကြိုးပမ်းချိတ်ဆက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီ ၃၈ မိနစ်မှစတင်၍ ပေါင်းလောင်းဓာတ်အားပေးစက်ရုံမှ လည်းကောင်း၊ ညနေ ၆ နာရီတွင် ရဲရွာဓာတ်အားပေးစက်ရုံမှ လည်းကောင်း ဓာတ်အားများ အဆင့်ဆင့်စတင်ပို့လွှတ်နိုင်ခဲ့သည်။ ထို့နောက် ညနေ ၆ နာရီ ၂၃ မိနစ်တွင် အဆိုပါပေါင်းလောင်းနှင့် ရဲရွာဓာတ်အားများကို အောင်မြင်စွာ ချိတ်ဆက် (Synchronization) ဆောင်ရွက်နိုင်ခဲ့ပြီး ညနေ ၆နာရီ ၄၅ မိနစ်တွင် လှော်ကားဓာတ်အားခွဲရုံအထိ ဓာတ်အားများ ဆက်လက်ပို့လွှတ်ပေးနိုင်ခဲ့သည်။

သို့ရာတွင် ဓာတ်အားပြန်လည်ချိတ်ဆက်ပို့လွှတ်ချိန်၌ ရုတ်တရက်ဝန်အား (Load) သုံးစွဲမှု များပြားစွာ ဝင်ရောက်လာသဖြင့် ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှုမျှတမှုမရှိတော့ဘဲ ညနေ ၆ နာရီ ၅၂မိနစ်တွင် ဓာတ်အားစနစ်အတွင်း ဓာတ်အားကြိမ်နှုန်း အတက်အကျမငြိမ်မသက်ဖြစ်မှု (Frequency Swing) ကြောင့် System Breakdown ထပ်မံဖြစ်ပေါ်ခဲ့ရကြောင်းနှင့် ဓာတ်အားစနစ် ပုံမှန်အတိုင်း အမြန်ဆုံး ပြန်လည်ပို့လွှတ်နိုင်ရေးကို ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်ဟိန်းနှင့် တပ်ဖွဲ့ဝင်များသည် လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် ဌေးလွင်၊ ဒုရဲအုပ်လင်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်ဇော်မှတ်နှင့်အဖွဲ့သည် လည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် နန်းသက်သက်အောင်နှင့် အဖွဲ့သည်လည်းကောင်း၊ ကျောက်တံတားမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ယာဉ်ထိန်းတပ်ဖွဲ့စုများမှ တပ်ဖွဲ့ဝင်များသည် လည်းကောင်း မှုခင်းအသိပညာ ပေးဟောပြောခြင်း၊ အိမ်တိုင်ရာရောက် မှုခင်းပညာပေးခြင်း၊ ဆိုင်ကယ်/စက်ဘီးဖြင့်လှည့်ကင်းဆောင်ရွက်ခြင်း၊ ခါးပိုက်နှိုက်များအား ရှောင်တခင်ဖမ်းဆီးခြင်း၊ ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယမန်နေ့ညပိုင်းတွင်လည်း စမ်းချောင်းမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မျိုးမြတ်သူနှင့် တပ်ဖွဲ့ဝင်များသည်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ် အောင်မျိုးထွန်းနှင့် ပူးပေါင်းအဖွဲ့သည် လည်းကောင်း၊ လှည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းမှ ရဲအုပ်စိုးမင်းလတ်နှင့် ပူးပေါင်းအဖွဲ့သည်လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်သက်ဇော်မောင်နှင့် အဖွဲ့သည်လည်းကောင်း၊ ဖောင်ကြီးနယ်မြေရဲစခန်းမှ ဒုရဲအုပ်စံလှဦးနှင့်အဖွဲ့သည်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ကြပ်တင်မိုးလွင်နှင့်အဖွဲ့သည် လည်းကောင်း နယ်မြေစိုးမိုးရေး လှည့်ကင်းဆောင်ရွက်ခြင်း၊ Bar အား စစ်ဆေးခြင်း၊ လှည့်ကင်းပတ်ကင်းဆောင်ရွက်ခြင်း၊ မသင်္ကာသော ယာဉ်အား စစ်ဆေးခြင်းနှင့် ဧည့်စာရင်း စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**အောင်သူ ဓာတ်ပုံ-တိုင်းရဲတပ်ဖွဲ့**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❑ *ရွှေ့ဖုံးမှ*

တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၀) တောင်ကြီးတက္ကသိုလ်
(၂၁) ကျိုင်းတုံတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ပုသိမ်တက္ကသိုလ်
(၂၄) ဟင်္သာတတက္ကသိုလ်
(၂၅) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❍ *ရွှေ့ဖုံးမှ*

နီပေါနိုင်ငံသို့ အလည်အပတ်ခရီး၊ ပစ္စည်းသယ်ယူပို့ဆောင်သည့်လုပ်ငန်း သို့မဟုတ် အလုပ်အကိုင်ရှာဖွေရန် စသည့် အကြောင်းအမျိုးမျိုးဖြင့် လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနက် အချို့သည် မသမာသူများက ရည်ရွယ်ချက်ရှိရှိ ထည့်ပေးလိုက်သည့် လူကြုံပစ္စည်းများအတွင်း တရားမဝင်ပစ္စည်းများ(ဥပမာ-ဆေးခြောက်များ)ကို သယ်ဆောင်လာသဖြင့် ခတ္တမန္ဒူမြို့ Tribhuvan International Airport တွင် မူးယစ်ဆေးဝါးသယ်ဆောင်မှုဖြင့် မြန်မာနိုင်ငံသားအချို့ ဖမ်းဆီးခံရသည့်ဖြစ်စဉ်များ ယခုရက်ပိုင်းတွင် ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း သံရုံး၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ပါ၍ နီပေါနိုင်ငံသို့လာရောက်ကြမည့် မြန်မာနိုင်ငံသားများအနေဖြင့် အလားတူဖြစ်စဉ်များထပ်မံမပေါ်ပေါက်စေရေး သတိပြုဆင်ခြင်၍ ခရီးသွားလာနိုင်ကြပါရန် အသိပေးနှိုးဆော်ထားသည်။ **MT**

❂ *ရွှေ့ဖုံးမှ*

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၅၀ မှ စတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV News Channel၊ MRTV Farmers' Channelနှင့် MRTV NRC Channel နှင့် မြန်မာ့အသံ ရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒုမ္မာဝတီ FM၊ ရွှေ FM၊ သဇင် FM နှင့် Star FM တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ရုရှားနိုင်ငံ၌ ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်သို့ တက်ရောက်



**မော်စကို စက်တင်ဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမား လွှတ်တော် လွှတ်တော်အမတ်များ ရွေးကောက်ပွဲသို့ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်သူ ကိုယ်စားလှယ်အဖြစ် ရောက်ရှိနေသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ ယနေ့ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကျင်းပသည့် "လှိုင်းကြီးလေထန် ကာလများအတွင်းမှ ရွေးကောက်ပွဲများ" (Elections in Times of Turbulence) အမည်ဖြင့် ကျင်းပသော နိုင်ငံတကာကွန်ဖရင့်သို့ တက်ရောက်ကြသည်။

ကွန်ဖရင့်တွင် ရုရှားရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ Mrs. Ella Pamfilova က ဒူးမားလွှတ်တော်အမတ်များ ရွေးချယ်မည့် ရွေးကောက်ပွဲအစီအစဉ်များနှင့် ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကို နိုင်ငံတကာမှ စောင့်ကြည့်ရေး အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့များအား ရှင်းလင်းပြောကြားသည်။

ယခုရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၁၃၃ နိုင်ငံမှ ကိုယ်စားလှယ် ဦးရေ ၁၁၂၆ ဦး တက်ရောက်ကြပြီး ၈ နိုင်ငံမှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများ အပါအဝင် ကိုယ်စားလှယ်များက မိမိတို့နိုင်ငံအလိုက် ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့် အတွေ့အကြုံများကို မျှဝေဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဗဟိုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက Zaryadye Moscow Concert Hall ခန်းမ၌ ညှော်ခံဖျော်ဖြေသည့် ရုရှားရိုးရာအကပဒေသာနှင့် တေးဂီတများအား ကြည့်ရှုအားပေးခဲ့ပြီး Zaryadye Bar ၌ ညှော်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ဘားအံမြို့ဇွဲကပင်အားကစားကွင်းတွင် ပွဲကြည့်စင်ပါ (Indoor Stadium) အဆင့်မြင့်ရေကူးကန်နှင့် ဒိုင်ဗင်ကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ရှိဇွဲကပင် အားကစားကွင်းတွင် ပွဲကြည့်စင်ပါ (Indoor Stadium) အဆင့်မြင့် ရေကူးကန်နှင့် ဒိုင်ဗင်ကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် အတူ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အားကစားကွင်း/ အားကစားရုံများ အရည်အသွေးပြည့်မီ ကောင်းမွန်စေရေး၊ သတ်မှတ် စံချိန်/စံညွှန်းများနှင့် အညီ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးအတွက် လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တည်ဆောက်ပြီးစီးမှုကို မိမိတို့ ဝန်ကြီးဌာနမှ ကြီးကြပ်စစ်ဆေးရေးဘုတ်အဖွဲ့များ ဖွဲ့စည်း၍ ပေးပို့ထားသည့် မှတ်တမ်းများ၊ ဒီဇိုင်းပုံစံများနှင့် အရည်အသွေးများအတိုင်း ကိုက်ညီမှုရှိ/မရှိ စစ်ဆေးပြီး မှတ်တမ်းများ စနစ်တကျ ထားရှိဆောင်ရွက်၍ ပြန်လည်တင်ပြရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကာ ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်သွန်စသည့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည်။

ထို့မှတစ်ဆင့် ဘားအံမြို့နယ် အမှတ် ၅ ရပ်ကွက်ရှိ YGN အားကစားရုံ၊ ဘားအံလူငယ်စင်တာနှင့် လှာကမြင်ကွက်သစ်ရှိ မိုးလုံလေလုံ အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများကို တွေ့ဆုံအားပေးစကားပြောကြားကာ ကရင်ဇုန်၌ ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က)၏ အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇွဲကပင်အားကစားတွင် အိမ်ရှင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၉**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်စိုးဝင်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တိုင်းရဲတပ်ဖွဲ့ခွဲမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်တပ်ဖွဲ့ဝင် ၁၄၄ ဦး၊ မိသားစုဝင် ၂၇ ဦး စုစုပေါင်း ၁၇၁ ဦးတို့အား လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်၍ သွေးဖောက်လက်ခံရယူမှုများပြုလုပ်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအား ရှိုင်ရယ်ဒီ၊ ကြက်ဥ၊ ပဲနို့၊ ရေသန့်၊ သံဓာတ်အားတိုးဆေးများ ပေးအပ်သည်။ ထို့နောက် သွေးလှူရှင်များကိုယ်စား သွေးအိတ်များကို မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဘုန်းမြတ်**



---

## အမျိုးသားပြတိုက်(ရန်ကုန်)သို့ တောင်ဥက္ကလာပမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၁၉**

ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ နိုင်ငံ၏ ခိုင်မာသည့်



သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလာစေရန်နှင့် ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာရာ အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

---

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

---

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

## မြန်အောင်မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်သစ်ရွေးချယ်

**မြန်အောင် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်သမဝါယမ အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာအား တင်ပြခြင်း၊ အသင်းသား စာရင်းစစ်အစီရင်ခံစာတင်ပြခြင်း၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ရှေ့လုပ်ငန်းစဉ်များ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့အား ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အသင်းစု၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းစာရင်းစစ်အဖွဲ့ ရွေးချယ်ခြင်း၊ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၉**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗော်ဖိုဗစ်ချ် (Mr. Aleksandr Volfovich)၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ခရီးစဉ်သွားရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့မှ စက်တင်ဘာ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ထွက်ခွာပြီး မင့်စ်မြို့သို့ စက်တင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိရာ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီရုံးမှ ပြည်ပရေးရာလုံခြုံရေးဌာနကြီးမှူး ဒီမီထရီ ဗစ်ထိုရီဗစ် ရာဗင်ဟင် (Dmitry Viktorovich Ryabihin) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က ကြိုဆိုကြသည်။

ယင်းနေ့ ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မဟာမျိုးချစ်စစ်ပွဲသမိုင်းပြတိုက် (The Great Patriotic War Museum) ကို သွားရောက်လေ့လာသည်။

စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ အောင်ပွဲ အထိမ်းအမှတ်ကျောက်တိုင် (The Victory Monument) သို့ သွားရောက်၍ ပန်းခွေချအလေးပြုသည်။**(အပေါ်ယာပုံ)**

ထို့နောက် တည်းခိုသည့် President Hotel တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်လုံခြုံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ အီဗန် တာတယ် (Ivan Tertel) နှင့် တွေ့ဆုံပြီး လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ သတင်းအချက်အလက်မျှဝေရေးနှင့် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၌ ပြည်ထဲရေးဝန်ကြီး မစ္စတာ အိုင်ဗန်ကူဘရာကော့ဗ် (Ivan Kubrakov)နှင့် တာဝန်ရှိသူတို့က အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေကို ရှင်းလင်းပြသသည်။

ဆက်လက်၍ အထူးတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် လေ့ကျင့်ရေးသင်တန်းဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြသည်။

ညနေပိုင်းတွင် တည်းခိုသည့် President Hotel ၌ ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ အလက်ဇန္ဒား ဗော်ဖိုဗစ်ချ် (Mr. Aleksandr Volfovich)နှင့် တွေ့ဆုံပြီး မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုကိစ္စရပ်များ၊ ယူရေးရှားပဋိညာဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ စသည့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးက President Hotel ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ်သို့ သွားရောက်လေ့လာရာ ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်ချုပ် ဆိုဘိုးလ် ဒီမီထရီ(Sobol Dmitry)က ကာလအလိုက် သင်တန်းဖွင့်လှစ်သင်ကြားနေမှုများ၊ ဘာသာရပ်ဆိုင်ရာ ပို့ချနေမှုများနှင့် ပြည်တွင်း၊ ပြည်ပ သင်တန်းသားများ လက်ခံဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး စစ်တက္ကသိုလ်၌ သင်ကြားလေ့ကျင့်ပေးနေမှုအခြေအနေကို ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် နိုင်ငံတော်မှုခင်းဆေးပညာ စစ်ဆေးရေးကော်မတီ (The State Forensic Examination Committee)၏ နိုင်ငံတော်မှုခင်းဆေးပညာစစ်ဆေးရေးစင်တာသို့ သွားရောက်လေ့လာရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မှုခင်းဆေးပညာစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ မစ္စတာ အလက်ဇီ ဗိုလ်ကော့ဗ် (Alexei Volkov) ဦးဆောင်သည့်အဖွဲ့များနှင့် တွေ့ဆုံကာ မှုခင်းကျူးလွန်ရေး၊ ရှာဖွေဖော်ထုတ်ရေး၊ မှုခင်းဆေးပညာနှင့် သက်သေအထောက်အထားများ စိစစ်ဖော်ထုတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေမှုအခြေအနေ၊ အဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အရေးပေါ်အခြေအနေများဆိုင်ရာ ဝန်ကြီးဌာနသို့ သွားရောက်၍ အရေးပေါ်အခြေအနေများဆိုင်ရာ ဒုတိယဝန်ကြီး မစ္စတာ ဆာဂေးလ် ဆာလန်နိုဗစ် (Sergey Salanovich) ဦးဆောင်သည့် အဖွဲ့များနှင့် တွေ့ဆုံပြီး သဘာဝဘေးအန္တရာယ်ကြောင့် အဆောက်အအုံပြိုကျမှုများနှင့် ယာဉ်မတော်တဆမှုများတွင် ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတုဗေဒပစ္စည်းများ သိုလှောင်သည့်စက်ရုံများ၏ လုံခြုံရေးအဆင့်အတန်း စစ်ဆေးခြင်းကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် ဆောင်ရွက်မှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး အရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာန (Ministry of Emergency Situations)၏ ဘေးကင်းလုံခြုံရေးပညာရေးစင်တာကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့မှ ပြန်လည်ထွက်ခွာရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

● ရှေ့ဖုံးမှ

ရောက်ရှိနိုင်ကာ နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ နောက် ၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ပြီး အနောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ နောက် ၉၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်တောင်ပိုင်း- အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)တို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ ညနေမှ ၂၃-၉-၂၀၂၄ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် လေပြင်း/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/၉လ**



လင်းခေးမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး စိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း အင်အား ၇၀ တို့ စက်တင်ဘာ ၁၉ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

စိုင်းဇော်လတ်(လင်းခေး)



## ခရမ်းမြို့နယ် အထက (ညောင်ပင်ကွင်း)၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ခရမ်း စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုဖြစ်သည့် စာပေဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို ယမန်နေ့က ခရမ်းမြို့ အထက(ညောင်ပင်ကွင်း)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာမ ဒေါ်ငွေဝေးဝင်း(ပညာရေး)က လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ထက်/လယ်/မူ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်/စာစောင်များကို တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေအလားအလာ အစီရင်ခံစာ

*(ယမန်နေ့မှအဆက်)*

**ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆီသို့ အသွင်ကူးပြောင်းခြင်း**

GEO-7 အစီရင်ခံစာတွင် **"ကမ္ဘာ့ပတ်ဝန်းကျင် အနာဂတ်သည် ကြိုတင်သတ်မှတ်ထားသော ကံကြမ္မာမဟုတ်ဘဲ ယနေ့ ကျွန်ုပ်တို့ ရွေးချယ်သည့် မူဝါဒများနှင့် ဆုံးဖြတ်ချက်များအပေါ် မူတည်နေကြောင်း"**၊ **"လူသားတို့၏ အနာဂတ်သည် ယနေ့ ရွေးချယ်သော လုပ်ဆောင်ချက်များပေါ်တွင် မူတည်နေကြောင်း"** အရေးကြီးသတင်းစကားကို ကမ္ဘာ့ပြည်သူများထံ ပေးပို့ထားသည်။ GEO-7 အစီရင်ခံစာ၏ အရေးပါဆုံးတွေ့ရှိချက်တစ်ခုမှာ **"ပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် ကုန်ကျစရိတ်မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုဖြစ်သည်"** ဟူသော အချက်ဖြစ်သည်။ ရေရှည်တည်တံ့သော ပတ်ဝန်းကျင်သို့ အသွင်ကူးပြောင်းခြင်းအတွက် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ ရေရှည်တည်တံ့သော ပတ်ဝန်းကျင်ဆီသို့ အသွင်ကူးပြောင်းနိုင်ရန် အောက်ဖော်ပြပါ အဓိကစနစ်ကြီး ငါးခုကို အသွင်ပြောင်းလဲရမည်ဟု အဆိုပြုထားသည် -

၁။ **စီးပွားရေးနှင့် ဘဏ္ဍာရေးစနစ်။** GEO-7 အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် စွမ်းအင်၊ အစားအစာနှင့် သတ္တုတူးဖော်ရေးတို့တွင် ပတ်ဝန်းကျင်ကို ထိခိုက်စေသော လုပ်ငန်းများအတွက် ထောက်ပံ့ကြေး (Subsidies)များသည် နှစ်စဉ် ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံခန့်ရှိနေသည်။ မူဝါဒချမှတ်သူများအနေဖြင့် စိမ်းလန်းသော ဘဏ္ဍာငွေကြေးစနစ်၊ သဘာဝအရင်းအနှီး စာရင်းအင်းပြုစုခြင်း၊ ကာဗွန်ထုတ်လွှတ်မှုတန်ဖိုး သတ်မှတ်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခွန်စနစ်ပြုပြင်ပြောင်းလဲခြင်းတို့ကို အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပေါင်းစပ်ဆောင်ရွက်နိုင်ပါသည်။

၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညအဆင့် (Net Zero Emission)သို့ ရောက်ရှိရန်အတွက် နှစ်စဉ်လိုအပ်သော အမေရိကန် ဒေါ်လာ ၆ ထရီလီယံကျော်ကို ပံ့ပိုးပေးအပ်ရန်နှင့် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင် (Kunming Montreal Global Biodiversity Framework-KMGBF) ကို အကောင်အထည်ဖော်ရန်အတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဘဏ္ဍာရေးစီးဆင်းမှုများကို ပြန်လည်ချိန်ညှိရန် လိုအပ်ကြောင်း အကြံပြုထားသည်။



၂။ **စွမ်းအင်စနစ်။** အသားတင်ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိစေရေး ရည်မှန်းချက်အောင်မြင်ရန် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ရေအားလျှပ်စစ်၊ ဇီဝဒြပ်ထုစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို အရှိန်မြှင့်တိုးချဲ့ရန် အဆိုပြုထားပါသည်။ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် မူလစွမ်းအင်၏ ၇၅ ရာခိုင်နှုန်းကျော်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိသော အရင်းအမြစ်များမှ ထုတ်ယူနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ခတ်အားလိုင်းစနစ်များတွင် ရင်းနှီးမြှုပ်နှံမှုကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ အထိ နှစ်ဆတိုးမြှင့်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စွမ်းအင်ရရှိနိုင်ရန်အတွက် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၄၅ ဘီလီယံ ကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။

၃။ **စားရေရိက္ခာစနစ်။** GEO-7 အစီရင်ခံစာ၏ ခန့်မှန်းချက်အရ လက်ရှိအသုံးပြုနေသော စားရေရိက္ခာထုတ်လုပ်မှုနှင့် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုစနစ်များကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု ကုန်ကျစရိတ်သည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄၅ ထရီလီယံခန့် ကုန်ကျလျက်ရှိကြောင်းနှင့် အဆိုပါပမာဏသည် တစ်နာရီလျှင် ဒေါ်လာ ၅ ဘီလီယံခန့်၊



တစ်နေ့လျှင် ဒေါ်လာ ၁၂၀ ဘီလီယံခန့် ဆုံးရှုံးနေခြင်းနှင့် ညီမျှသည်ဟု ဆိုပါသည်။

လူသားများ ကောင်းကျိုးချမ်းသာရရှိစေရေးအတွက် စနစ်ပြောင်းလဲမှုများ ဆောင်ရွက်ပါက ၂၀၅၀ ပြည့်နှစ်တွင် အချိန်မတိုင်မီ သေဆုံးမှု ၉ သန်းကျော်နှင့် ၂၁၀၀ ပြည့်နှစ်တွင် သေဆုံးမှု သန်း ၅၀ ကျော်ကို ရှောင်ရှားနိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးလုပ်ငန်း (Climate Smart Agriculture)၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော ငါးမွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ကို တိုးချဲ့ရန်၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အခြေခံသောပစ္စည်းများ တိုးမြှင့်သုံးစွဲရန် အကြံပြုထားသည်။ လက်ရှိအချိန်တွင် ထုတ်လုပ်သော အစားအစာအားလုံး၏ ၃၅ ရာခိုင်နှုန်းသည် နည်းလမ်းမျိုးစုံဖြင့် ဆုံးရှုံးခြင်း၊ အလဟဿဖြစ်ခြင်းကို တွေ့ရှိရပြီး အစားအစာဆုံးရှုံးမှုများနှင့် အလဟဿဖြစ်မှုများကို လျှော့ချရန် တိုက်တွန်းထားသည်။

၄။ **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်။** စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်ပြီး သဘာဝအရင်းအမြစ်များကို ထုတ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ စွန့်ပစ်ခြင်း (Take-Make-Dispose) ဟူသည့် စီးပွားရေးပုံစံမှ သဘာဝအရင်းအမြစ်များကို တစ်ခါသုံးစွဲပြီး စွန့်ပစ်ခြင်းမျိုးမဟုတ်ဘဲ ပြန်လည်အသုံးပြုခြင်း၊ ပြုပြင်ခြင်း၊ ပြန်လည်ထုတ်လုပ်ခြင်း၊ ပြန်လည်အသုံးချခြင်းဟူသည့် ပတ်လည်စီးပွားရေးစနစ်သို့ ကူးပြောင်းရမည်ဟု အလေးပေးဖော်ပြထားသည်။

၂၀၄၀ ပြည့်နှစ်တွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်း ၈၀ ရာခိုင်နှုန်း လျှော့ချခြင်းဖြင့် အသားတင်ငွေစုဆောင်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး အပိုကုန်ကျစရိတ် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လျှပ်စစ်စွန့်ပစ်ပစ္စည်းများသည် ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၆၂ သန်းအထိ ရောက်ရှိခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိသည့် ဈေးကွက်အလားအလာကောင်းများရှိနေသည်ဟု ဆိုပါသည်။ လျှပ်စစ်စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်ရန် တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ပါသည်။

၅။ **ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုစနစ်။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်နိုင်ရန် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ် လိုအပ်ပါသည်။ တရားဥပဒေစိုးမိုးရေး၊ ပတ်ဝန်းကျင်စောင့်ကြည့်ရေး၊ ပြည်သူလူထုပူးပေါင်းပါဝင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ကို အားကောင်းစေရေး ဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။ ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမှု မူဘောင်၏ ရည်မှန်းချက် ၃ နှင့်အညီ မြေ၊ ရေနှင့် ပင်လယ်ဧရိယာများ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို ထိန်းသိမ်းစောင့်ရှောက်ရန် အဆိုပြုထားပါသည်။ သဘာဝအခြေခံ ဖြေရှင်းခြင်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် စနစ်တကျရေးဆွဲထားသည့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုပုံစံများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ကြရန် တိုက်တွန်းထားပါသည်။

**နိုင်ငံများအလိုက် ဖြေရှင်းရန်နည်းလမ်းများ**

GEO-7 အစီရင်ခံစာသည် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရန် သဘာဝအခြေခံဖြေရှင်းခြင်းနည်းလမ်းများကို အထူးအလေးပေးထားသည်။ ဥပမာ သစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ ဒီရေတောများထိန်းသိမ်းခြင်း၊ ရေဝေ ရေလဲဒေသများ ပြန်လည်ထူထောင်ခြင်း၊ မြို့ပြစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အလေးပေးဖော်ပြထားသည်။

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင် **ဝင်ငွေမြင့်နိုင်ငံများ**အနေဖြင့် အရင်းအမြစ်များစွာ အသုံးပြုသော လူနေမှုပုံစံများကို သိသာစွာလျှော့ချခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု ဖြစ်စေနိုင်သည့် ဆောင်ရွက်ချက်များကို ရှောင်ရှားခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှု ကြိုးပမ်းမှုများအတွက် နည်းပညာနှင့် ငွေကြေးထောက်ပံ့ခြင်းဖြင့် ပံ့ပိုးကူညီကြရမည်ဖြစ်သည်။ **ဝင်ငွေအလယ်အလတ်နိုင်ငံများ**အနေဖြင့်လည်း လက်ရှိစီးပွားရေးတိုးတက်မှုကို အစိမ်းရောင်စီးပွားရေးဆိုင်ရာမူဝါဒများ၊ ဆန်းသစ်တီထွင်မှုရှိပြီး ဂေဟစနစ်နှင့် သဟဇာတဖြစ်သော အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဟန်ချက်ညီသော ဆောင်ရွက်မှုများကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

**ဝင်ငွေနည်းနိုင်ငံများ**အနေဖြင့် ခေတ်မမီတော့သော၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းပျက်စီးထိခိုက်စေသော ကုန်ထုတ်လုပ်မှုစနစ်၊ စီးပွားရေးစနစ်များကို စွန့်လွှတ်ပြီး နည်းပညာများအသုံးပြု၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းထားပါသည်။

> ❝ **ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရာတွင် ဝင်ငွေမြင့် နိုင်ငံများအနေဖြင့် အရင်းအမြစ်များစွာ အသုံးပြုသော လူနေမှုပုံစံများကို သိသာစွာလျှော့ချခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု ဖြစ်စေနိုင်သည့် ဆောင်ရွက်ချက်များကို ရှောင်ရှားခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှု ကြိုးပမ်းမှုများအတွက် နည်းပညာနှင့် ငွေကြေးထောက်ပံ့ခြင်းဖြင့် ပံ့ပိုးကူညီကြရမည်ဖြစ်သည်။ ဝင်ငွေ အလယ်အလတ်နိုင်ငံများအနေဖြင့်လည်း လက်ရှိစီးပွားရေးတိုးတက်မှုကို အစိမ်းရောင်စီးပွားရေးဆိုင်ရာမူဝါဒများ၊ ဆန်းသစ်တီထွင်မှုရှိပြီး ဂေဟစနစ်နှင့် သဟဇာတဖြစ်သော အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဟန်ချက်ညီသော ဆောင်ရွက်မှုများကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်** ❞

**GEO-7 အစီရင်ခံစာ၏ အဓိကသတင်းစကားများ**

GEO-7 အစီရင်ခံစာ၏ အရေးကြီးဆုံးသင်ခန်းစာမှာ **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် သဘာဝထိန်းသိမ်းရေးကဏ္ဍတစ်ခုတည်း၏ တာဝန်မဟုတ်တော့ဘဲ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စားရေရိက္ခာဖူလုံရေး၊ ရေလုံခြုံဖူလုံမှုရှိစေရေး၊ ကျန်းမာရေးနှင့် အမျိုးသားလုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်သော ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်လာပြီ"** ဟူသော သတင်းစကားနှင့် **"ကျွန်ုပ်တို့၏ ယနေ့ ဆုံးဖြတ်ချက်များသည် ရာစုနှစ်တစ်ခုလုံး၏ အနာဂတ်ကို ဆုံးဖြတ်မည်ဖြစ်သည်"** ဟူသော သတင်းစကားများဖြစ်သည်။

GEO-7 အစီရင်ခံစာ၏ သတင်းစကားများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများဟုဆိုသော်လည်း မိမိတို့နိုင်ငံ ပတ်ဝန်းကျင်ကဏ္ဍအတွက် အထူးအလေးထားသင့်သော သတင်းစကားများဟုလည်း ဆိုနိုင်ပါသည်။ လက်ရှိရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု စသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် စီးပွားရေး၊ စွမ်းအင်၊ စားရေရိက္ခာ၊ သဘာဝသယံဇာတနှင့် စီမံအုပ်ချုပ်မှုစနစ်များကို စနစ်တကျပြုပြင်ပြောင်းလဲခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး စစ်မှန်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်သည်။

**ကိုးကား**

United Nations Environment Programme (2025). Global Environment Outlook 7: A future we choose – Why investing in Earth now can lead to a trillion-dollar benefit for all. Nairobi.




## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၉

စက်တင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုး/ဇလ

# မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းသို့ အလှူတော်ငွေ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၉

မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းသို့ အလှူတော်ငွေ ပေးအပ်လှူဒါန်းခြင်း၊ ဗုဒ္ဓဝါဒဆိုင်ရာ စာအလင်္ကာများ၊ ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး စာအုပ်များ လှူဒါန်းခြင်းနှင့် လှည်းကူးမြို့နယ် သံဃနာယကအဖွဲ့ရုံး အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် နိဗ္ဗာန်ဆိပ်ဦး မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီး ၂၇ ပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ အလှူရှင်များက လှူဒါန်းဝတ္ထုပစ္စည်းများနှင့် ဗုဒ္ဓဝါဒဆိုင်ရာ စာအလင်္ကာများ၊ ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး စာအုပ်များကို လှူဒါန်းကြသည်။

ထို့အတူ အလှူရှင်များက မဇ္ဈိမာလင်္ကာရ သာမဏေကျော်အသင်းနှင့် လှည်းကူးမြို့နယ် မြို့နယ်သံဃနာယကရုံးသစ်အတွက် အလှူငွေများ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက်၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာယူပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တောင်ကြီးမြို့နှင့် အေးသာယာမြို့များ၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်

တောင်ကြီး စက်တင်ဘာ ၁၉

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ် မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ကျော်ဟန် ဦးဆောင်၍ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့ရုံး၊ သီးခြားတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း ၁၈၂ ဦးတို့သည် တောင်ကြီးမြို့နယ် အေးသာယာမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။



ထိုနည်းတူ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့ရုံး၊ သီးခြားတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း ၄၇၅ ဦးတို့က တောင်ကြီးမြို့ အောင်မြေဘုံစံ ကျောင်းတိုက်တွင်လည်းကောင်း၊ စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီး (ဝဲပုံ) တွင်လည်းကောင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

ထက်ဝေ

(ပြန်ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအကြပ်အတတ်သင်ကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး မင်းအောင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၆၁ ဦးတို့သည် စက်တင်ဘာ ၁၉ ရက်က တပ်မတော်ဆေးရုံကြီး ခုတင်- ၁၀၀၀ (မင်္ဂလာဒုံ)၌ စုပေါင်းသွေးလှူဒါန်းစဉ်။ သက်ထက်

# ညောင်ရွှေမြို့နယ် သမဝါယမအသင်းစု အသင်းစည်းကမ်း ပြင်ဆင်ဆောင်ရွက်

ညောင်ရွှေ စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးလှထွဏ်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း/ အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌတို့က အသင်းဆိုင်ရာများပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမအသင်းစု၏ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် အသင်းစည်းကမ်း ပြင်ဆင်မှုတို့ကို အတည်ပြုချက်ရယူခဲ့သည်။



မြို့နယ်(ပြန်/ဆက်)



မိုင်းရှူးမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လေးမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

## နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၉**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ဆေးရုံရှိ အရေးပေါ်ဌာန၊ ဓာတ်မှန်ဆောင်၊ ခွဲစိတ်ဆောင်၊ သွေးလှူဘဏ်၊ အရိုးဆောင် ပတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆေးရုံအတွင်း လျှပ်စစ်မီးကြိုးများ၊ Internet Fiber ကြိုးများ သွယ်တန်းထားရှိမှုကို စနစ်တကျဖြစ်အောင် ဆောင်ရွက်နေမှု၊ ဆေးရုံအတွင်း အန္တရာယ်ရှိ သစ်ပင်အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အဆောက်အအုံ မျက်နှာစာများ အမြင်တင့်တယ်လှပစေရေး ဆောင်ရွက်နေမှုတို့ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူတို့သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဘေးသင့်ပြည်သူများအတွက် လူမှုကရုဏာအကူအညီများပေးရာတွင် အသုံးပြုရန် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

ရေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်နေသော လူမှုကရုဏာ အကူအညီများ ပေးရာတွင် အသုံးပြုရန် ယမန်နေ့က ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေး အုပ်စုကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးဇော်ဝင်း - ဒေါ်မိမိတင်၊ ဦးထွန်းဝဏ္ဏ (ခ) မိုးစက်-သမီး ဒေါက်တာ အိအိမွန် (ခ) ကစ်ကစ် ချမ်းမြေ့မေတ္တာ အထွေထွေရောဂါကု ဆေးရုံ (သန်လျင်) မိသားစုက အလှူငွေကျပ်သိန်း ၁၀၀ ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲတွင် လာရောက်လှူဒါန်းခဲ့ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က လက်ခံခဲ့ပြီး(ယာပုံ) ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



အဆိုပါလှူဒါန်းပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အလုပ်အမှုဆောင်များ၊ အရင်းအမြစ်စုစည်း အသုံးချရေးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၆၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(လှိုင်သာယာ-အရှေ့) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး စိုးနိုင်နှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက်တွင် အမှတ်(၆)ရပ်ကွက် အောင်မြေသာယာဘုရား၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ဟန်နီ(ပြန်/ဆက်)

## သာယာဝတီမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ အပတ်စဉ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**သာယာဝတီ စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင် ဦးဆောင်၍ ရန်ကုန်-ပြည် ကားလမ်းဘေးရှိ အထက (သုံးဆယ်) ကျောင်းအတွင်း/အပြင်၌ ဌာနဆိုင်ရာဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက အမှိုက်ကောက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပင်းတယမြို့နယ် ဆူးဗိုလ်ကုန်းရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၉ ရက်က ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ဒုတိယရဲဒေသကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးမြစိုး၊ ပင်းတယမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အောင်ကိုဦး(ပြန်/ဆက်)

## ကျေးရွာချင်းဆက်လမ်းခင်းခြင်း ဆောင်ရွက်နေမှုစစ်ဆေး

**မှော်ဘီ စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေများဖြင့် မြသက်သာဘုရားမှ ဘုရားကုန်းကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် တော်လတီ-ကလော့သော့လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လုပ်ငန်းသုံးကျောက်များ စုဆောင်းထားရှိမှုအခြေအနေတို့ကို ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**ဝတ်ရည်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မြစ်သားမြို့နယ်၌ ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲ ကျင်းပ

**မြစ်သား စက်တင်ဘာ ၁၉**

မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေဩဇာ စုပေါင်းရောင်းချပွဲနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်က မြို့မနည်းပညာပေးစင်တာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၁၅ အုပ်စုအတွက် တစ်အုပ်စုလျှင် ဓာတ်မြေဩဇာ ၁၀ အိတ်နှုန်းဖြင့် စုစုပေါင်း အိတ် ၁၅၀ ကို မိုးသီးနှံစိုက်တောင်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ပြီး ဓာတ်မြေဩဇာ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။



**ဝါဝါမြင့်(မြစ်သား)**



## မင်းလှမြို့နယ်၌ ဝါစိုက်တောင်သူများအား ချေးငွေပေးအပ်

**အထက်မင်းလှ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ(ပြည်ထောင်စု) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေရရှိရေးကဏ္ဍအတွက် ဝါစိုက်တောင်သူများအား ဒုတိယအကြိမ် ချေးငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဇော်မြင့်ဝင်းတို့က ရေတွင်းရှိ လုပ်ငန်းရှင် ၁၀ ဦးအား ချေးငွေကျပ်သန်း ၆၀ နှင့် ရေတွင်းမရှိ လုပ်ငန်းရှင် တစ်ဦးအား ချေးငွေကျပ် ၁၀ သန်း စုစုပေါင်းချေးငွေကျပ်သန်း ၇၀ အား တောင်သူ ၁၁ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉** နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။



အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၆)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်း စစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျလုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့ကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့သို့သွားရောက်၍ ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ တက်ရောက်ဖြစ်ပုံကတော့ နိုင်ငံသားတိုင်း ဒီတာဝန်ကို ထမ်းဆောင်ရမယ်လို့ ထင်လို့ပါ။ ၁၈ နှစ်ပြည့်တဲ့ ညီအစ်ကိုတိုင်းလည်း ထမ်းဆောင်သင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီသင်တန်းမှာ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ မိုင်းကျွမ်းကျင်ဆုပါ။ ကျွန်တော် အလွန်ပျော်ပါတယ်။ ကျွန်တော်နဲ့အတူ ကျွန်တော့်ရဲ့ မိသားစုလည်း ပျော်နေမယ်လို့ ထင်ပါတယ်။ အရပ်သားဘဝနဲ့တော့ အများကြီး ကွာခြားသွားပါတယ်။ ဒီထဲရောက်မှ ကျွန်တော်တို့ စိတ်ဓာတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော အကုန်လုံး အစစအရာရာ ပြောင်းလဲသွားပါတယ်။ အရင်လို အရပ်သားမှာတော့ ကျွန်တော်တို့တွေ ပေါ့ပျက်ပျက်နဲ့ နေခဲ့တာတွေရှိတယ်။ ဒီမှာတော့ အဲလိုမျိုးတော့ မဟုတ်ဘူး။ အားလုံးက စည်းကမ်းနဲ့ စနစ်နဲ့ ဆရာတွေရဲ့ သွန်သင် သင်ကြားမှုတွေနဲ့ ကျွန်တော်တို့ နေထိုင်ရပါတယ်။ သင်တန်းတက်ခဲ့ရတဲ့ အတွေ့အကြုံကတော့ ဒီသင်တန်းမှာ ကျွန်တော်တို့ ပင်ပန်းတာတွေလည်းရှိတယ်။ ခက်ခဲတာတွေလည်းရှိတယ်။ ဒါပေမယ့် အဲဒါတွေက ခုလိုပြီးသွားတဲ့အချိန်မှာ ဒီလိုပါပဲ ကျွန်တော်တို့ ပြီးဆုံးသွားတာပါပဲ။ ကျွန်တော့်ကို ပေးအပ်လာတဲ့တာဝန်ကို ကျေပွန်စွာ အတတ်နိုင်ဆုံး ထမ်းဆောင်သွားပါမယ်လို့ ကျွန်တော်စဉ်းစားထားပါတယ်။

၂။ ကျွန်တော် ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော် ဒီနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီတိုင်းပြည်က ချမှတ်ထားတဲ့ မူဝါဒကို ကျေပွန်အောင် ထမ်းဆောင်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော် သင်တန်းကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒီသင်တန်းမှာ သင်ကြားပေးတဲ့ ဘာသာရပ်တွေကတော့ ကိုယ်ခန္ဓာအတွက် လိုအပ်တဲ့ ကြံ့ခိုင်ရေးဘာသာရပ်တွေ၊ လက်နက်ငယ်ဘာသာရပ်တွေ၊ နောက်တစ်ခုက ကျွန်တော်တို့ ဒီရှေ့တန်းစစ်မြေပြင်တွေရဲ့ နောက်တစ်ခုက နိုင်ငံတော်ကာကွယ်ရေးအတွက် အသုံးဝင်တဲ့ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်တွေ၊ စစ်မြေပြင်ဘာသာရပ်တွေကို သင်ကြားပြသပေးခဲ့တာပဲဖြစ်ပါတယ်။ ကျွန်တော်က အရပ်သားဘဝကနေ လာတာဆိုတော့ အစပိုင်းမှာ ပင်ပန်းတယ်။ နောက်ပိုင်းကျတော့ ဆရာတွေ သင်ကြားပြသပေးတဲ့ လမ်းညွှန်မှုတွေကို စနစ်တကျလိုက်ပါ ဆောင်ရွက်ပြီးတော့ သေချာ လေ့ကျင့်တဲ့အခါမှာတော့ အဆင်ပြေသွားပါတယ်။ ကျွန်တော်ရရှိခဲ့တဲ့ ဆုကတော့ တပ်စိတ်တိုက်နည်း ပထမဆုပဲဖြစ်ပါတယ်။ ဒီဆုမှာတော့ ကျွန်တော်တို့ တပ်စိတ်လိုက်ကြိုးစားမှုတွေ၊ နောက်တစ်ခုက အုပ်ချုပ်မှုတွေနဲ့ ရဲဘော်အချင်းချင်း စည်းလုံးမှုတွေကပေါ့၊ အဲဒီကြောင့်မို့လို့ ကျွန်တော်တို့ ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ သင်တန်းပြီးဆုံးသွားပြီဆိုတော့ ကျွန်တော်တို့ တာဝန်ကျတဲ့ တပ်ရင်းတွေမှာ ဒီနှစ်နှစ်တာကာလကို ကျေပွန်စွာထမ်းဆောင်သွားမယ်။ ပြီးတော့ တပ်မတော်က ချမှတ်ထားတဲ့ ဥပဒေတွေကိုလည်း အကောင်းဆုံး လိုက်နာပြီးတော့ တာဝန်ထမ်းဆောင်သွားမှာပါ။ နောက်တက်လာမယ့် ညီငယ်တွေကို ကျွန်တော်ပြောချင်တာက ဒီနိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက် နိုင်ငံရဲ့ ချမှတ်ထားတဲ့ ဥပဒေတွေကို အကောင်းဆုံး လိုက်နာကျင့်သုံးပြီးတော့ ဒီပြည်သူ့စစ်မှုထမ်း ဥပဒေကို ထမ်းဆောင်ကြပါလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ဘဝမှာ မလုပ်ဖူးတဲ့ လုပ်ဆောင်ချက်တွေ၊ မသင်ကြားဖူးခဲ့တဲ့ ဘာသာရပ်တွေကို သင်ကြားခဲ့ရတာဆိုတော့ ကျွန်တော်တို့ဘဝရဲ့ အမှတ်တရတွေ အများကြီးရရှိပါတယ်။







ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အောင်မြင်သော ခရီးသွားလုပ်ငန်း၏ နောက်ကွယ်မှ ကောင်းမွန်သော စီမံအုပ်ချုပ်မှု

**နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဖြစ်ပါသည်။ မကြာမီ ခရီးသွားလုပ်ငန်းနေ့သို့ ရောက်တော့မည်။ ခရီးသွားလုပ်ငန်းနေ့နှင့်ဆက်စပ်၍ ယနေ့ရုံးတွင် ခရီးသွားလုပ်ငန်းအကြောင်းကို မိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့ဆွေးနွေးဖြစ်သည်။**

## စည်သူကျော်

မိတ်ဆွေများသည်လည်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် နှစ်နှစ်ကာကာ လုပ်ကိုင်နေကြသူများဖြစ်သည်။ ခရီးသွားလုပ်ငန်းပညာရပ်နယ်ပယ်တွင်လည်း နှံ့စပ်ကြသူများ ဖြစ်ပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားများ ကျင်းပရာ၌ ကုလသမဂ္ဂခရီးသွား လုပ်ငန်းအဖွဲ့ကြီး (UN Tourism)က နှစ်စဉ်ချမှတ်သော ဆောင်ပုဒ်များအတိုင်း ကျင်းပကြသည်။ တစ်နှစ်ကို ဆောင်ပုဒ်တစ်ခုဖြစ်သည်။ တစ်နှစ်တစ်နှစ် မတူကွဲပြားသည်။

စကားဝိုင်းတွင် မိတ်ဆွေတစ်ဦးက ခရီးသွားလုပ်ငန်းကို မည်သည့်ဆောင်ပုဒ်ခေါင်းစဉ် (သူ၏စကားအရ Theme / Agenda အောက်မှ) သွားသည်ဖြစ်စေ အစိုးရ၏ စီမံအုပ်ချုပ်မှုအပိုင်းကို လျှော့ချ၍ ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းအောင် ဆောင်ရွက်သင့်ကြောင်း၊ အစိုးရ၏ပါဝင်မှုကို လျှော့ချ၍ ပုဂ္ဂလိကနှင့် ပြည်သူ ပူးပေါင်းပါဝင်မှုကို ရှေ့တန်းတင် ဆောင်ရွက်သင့်ကြောင်း ပြောကြားဆွေးနွေးသည်။

မိတ်ဆွေ၏ ဆွေးနွေးချက်သည် ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူအားလုံး ဟန်ချက်ညီညီ ဆောင်ရွက်ရန်ဆိုသောအချက်နှင့် သွေဖည်လျက်ရှိသည်။ ထို့အပြင် အစိုးရနှင့် စီမံအုပ်ချုပ်မှုဟူသော စကားရပ်နှစ်ခုအကြား အယူအဆအနက်ကောက်လွဲမှားသွားနိုင်ဖွယ်ဖြစ်သည်။ လက်ရှိကာလတွင်လည်း Cooperation နှင့် Coordination ဟူသော ဝေါဟာရနှစ်ခုကို လှိုင်လှိုင်ကြီးသုံးစွဲလျက်ရှိလေရာ ဤနေရာတွင် (ခရီးသွားလုပ်ငန်းနှင့်ဆက်နွှယ်၍) ရှင်းလင်းတင်ပြရန် လိုအပ်လာသည်ဟု ယူဆပါသည်။

ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း အညွှန်းကိန်းများအရ ခရီးသွားလုပ်ငန်းကဏ္ဍသည် အလျင်အမြန်တိုးတက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာပေါ်တွင် ခရီးသွားဦးရေသည် ၁ ဒသမ ၅ ဘီလီယံအထိရှိလာခဲ့ပြီး ၂၀၂၆ ခုနှစ်၌ ယင်းခရီးသွားလာမှုစံချိန်ကို ကျော်လွန်သွားဖွယ်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရိုက်ခတ်မှုများကြားမှပင် ခရီးသွားလုပ်ငန်းသည် မုန်တိုင်းကြားက လှေငယ်အသွင် ကြံ့ကြံ့ခံကာ ကမ်းဆီသို့ ချဉ်းကပ်နေလေသည်။

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ UN Tourism က ထုတ်ပြန်သော ၁၉၇၅ ခုနှစ် မှ ၂၀၂၅ ခုနှစ်အထိ နှစ် ၅၀ တာ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းအစီရင်ခံစာဖော်ပြချက်အရ ၁၉၇၅ ခုနှစ်တွင် ကမ္ဘာပေါ်၌ ခရီးသွားဦးရေ ၂၂၂ သန်းရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၅ ဘီလီယံအထိ တိုးပွားလာခဲ့ကြောင်း သိရပါသည်။ ခရီးသွားလုပ်ငန်းဝင်ငွေသည်လည်း ၁၉၇၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၁ ဘီလီယံရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံအထိ တိုးတက်လာခဲ့သည်ကို တွေ့ရပါသည်။

> **“ ခရီးသွားလုပ်ငန်းကဏ္ဍ၌ အစိုးရ၏ စီမံအုပ်ချုပ်မှု Governance အပိုင်းကို လျှော့ချမည်ဆိုခြင်းသည် ခရီးသွားလုပ်ငန်းစနစ်တစ်ခုအတွင်းမှ ပူးပေါင်းဆောင်ရွက်ခြင်းကို လျှော့ချမည်ဆိုသည့် သဘောသက်ရောက်သွားမည်ဖြစ်ပါသည်။ Government သည် ခရီးစဉ်ဒေသတန်ဖိုးကို မူဝါဒပိုင်းအရ မြှင့်တင်ပေးနိုင်မည်ဖြစ်သော်လည်း ခရီးစဉ်ဒေသအတွေ့အကြုံတန်ဖိုးကိုမူ Governance အားဖြင့်သာ မြှင့်တင်နိုင်မည် ”**

ယင်းသို့ ခရီးသွားဦးရေတိုးတက်လာခြင်းသည် ကမ္ဘာ့လူဦးရေတိုးတက်လာခြင်းကြောင့် မလွဲမသွေဖြစ်ပေါ်လာရသော အခြေအနေတစ်ရပ်ဟု ထောက်ပြဝေဖန်မှုများရှိခဲ့သော်လည်း ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ခရီးသွားဦးရေ (အရေအတွက်) တိုးပွားလာခြင်းတစ်ခုထဲအပေါ်တွင် တည်မှီနေခြင်းမဟုတ်ကြောင်း သိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ဒီဂျစ်တယ်အသွင်ပြောင်းလဲလာခြင်း၊ အွန်လိုင်းခရီးသွားအေဂျင်စီ Online Travel Agents (OTA) များ တိုးပွားလာခြင်း၊ Low Cost Carrier (LCC) ဟုခေါ်သော စရိတ်နည်းလေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲလာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးကွန်ရက် ကျယ်ပြန့်လာခြင်းနှင့် ဟိုတယ်များအပါအဝင် ဈေးကွက်အလိုက် တည်းခိုနေထိုင်မှုဆိုင်ရာ အခင်းအကျင်းများပြောင်းလဲတိုးတက်လာခြင်းတို့အပြင် ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်း/အသင်းအဖွဲ့များနှင့် မူဝါဒများခိုင်မာအားကောင်းလာခြင်းတို့သည် မျက်ကွယ်ပြု၍မရသော ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ပြောင်းလဲဖြစ်ပေါ်မှုများပင် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ယင်းနှစ် ၅၀ တာကာလအတွင်း ခရီးသွားလုပ်ငန်းသည် (9/11) ကဲ့သို့သော အကြမ်းဖက်ဖြစ်စဉ်များကြောင့် တံ့ဆိုင်းသွားခြင်း၊ ကိုဗစ်-၁၉ ကဲ့သို့သော ကပ်ရောဂါဖြစ်စဉ်များကြောင့် လုံးဝရပ်ဆိုင်းသွားခြင်းကဲ့သို့သော အခြေအနေများဖြစ်ပေါ်ခဲ့သည်။ သို့သော် ဖွဲ့မလျှော့သော တာဝေးအပြေးသမားသည် မတော်တဆလဲကျသော်လည်း မိမိကိုယ်ကို ပြန်လည်ပြင်ဆင်၍ ပြေးလမ်းကြောင်းပေါ် ပြန်တက်ကာ ပန်းတိုင်ဆီသို့ မဆုတ်မနစ်သောလုံ့လဖြင့် ဆက်လက်အပြေးချီတက်သကဲ့သို့ ခရီးသွားလုပ်ငန်းသည်လည်း ပြောင်းလဲပြင်ဆင်ရန် လိုအပ်မှုများကို ဖြည့်ဆည်းအကောင်အထည်ဖော်ကာ ဆက်လက်လှုပ်ရှားချီတက်ခဲ့ပါသည်။ ထိုသို့သော ခရီးသွားလုပ်ငန်းများ တံ့ဆိုင်းရပ်တန့်သွားသည့်အချိန်များတွင် ရပ်တန့်၍ မနေသည်ကတော့ ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု၏ မောင်းနှင်အား၊ တစ်နည်းဆိုသော် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုပင် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုဆိုသည်မှာ အစိုးရတစ်ခုတည်းက ခရီးသွားလုပ်ငန်းကို စီမံအုပ်ချုပ်ခြင်းမဟုတ်ပါ။ အစိုးရ၊ ပုဂ္ဂလိက၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ခရီးသွားများအပါအဝင် Stakeholder အားလုံး ပူးပေါင်း၍ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်းကျင်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေရှည်တည်တံ့စေရန် မည်သို့စီမံထိန်းကျောင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သတ်မှတ်လုပ်ဆောင်သည့် စနစ်တစ်ခုဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် သဘောသဘာဝအရ လုပ်ငန်းကဏ္ဍမြောက်မြားစွာနှင့် ချိတ်ဆက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းသည် ရှေးယခင်ကကဲ့သို့ ခရီးသွားဧည့်သည် + ခရီးလှည့်လည်ရေးလုပ်ငန်းဆောင်ရွက်သူ + ဟိုတယ် စသည့် အဓိကဇာတ်ဆောင် အနည်းငယ်ဖြင့်သာ ဆောင်ရွက်သည့် လုပ်ငန်းမဟုတ်တော့ပေ။ ခရီးသွားလုပ်ငန်း အမျိုးအစားများ ကွဲပြားလာသည့်နည်းတူ ပါဝင်ပတ်သက်လာသည့် လုပ်ငန်းကဏ္ဍများလည်း တစ်နည်းတစ်ဖုံ တိုးပွားလာသည်။

နဂိုကပင် Multi-Stakeholder Industry ဟုခေါ်သော ခရီးသွားလုပ်ငန်းကဏ္ဍသည် ပိုမိုကျယ်ဝန်းသော သဘောသက်ဝင်လာခဲ့ပါသည်။ ခရီးသွားလုပ်ငန်းသည် ပုဂ္ဂလိကကဏ္ဍကို သာမက ဒေသခံနှင့် အစိုးရတို့ကိုပါ ဝင်ငွေရရှိစေသောကြောင့် ခရီးသွားလုပ်ငန်းသည် အားလုံးနှင့်သက်ဆိုင်သော၊ အားလုံးက ပါဝင်လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းကြီးတစ်ခု အသွင်ဆောင်လာခဲ့ပြီဖြစ်ပါသည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းကို ဌာနတစ်ခု၊ အသင်းအဖွဲ့တစ်ခုတည်းကသာ စီမံခန့်ခွဲလုပ်ဆောင်၍ မရတော့ပေ။ ခရီးသွားလုပ်ငန်း၌ Government သည် ဇာတ်ဆောင်သာဖြစ်ပြီး Governance တွင် ဇာတ်ဆောင်ပေါင်းများစွာက စနစ်တစ်ခုအတွင်း ဟန်ချက်ညီညီ အတူတကွ ပူးပေါင်းလုပ်ဆောင်နေကြခြင်း ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများသည် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် မူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း၊ လိုင်စင်နှင့် ခွင့်ပြုမိန့်များခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ စံချိန်စံညွှန်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်သည်။ Governance တွင် ပိုမိုကျယ်ဝန်းသော သဘောကိုဆောင်သည့် တာဝန်နှင့်ဝတ္တရားများ ပါဝင်လာခဲ့သည်။ ခရီးသွားလုပ်ငန်း၌ မူဝါဒများချမှတ်ရုံနှင့်မပြီး။

Policy → Strategy → Action → Monitoring → Evaluation → Improvement ဟူသော လုပ်ငန်းစဉ်၌ Governance သည် သက်ဆိုင်ရာ အစိတ်အပိုင်းအသီးသီး၌ တာဝန် ယူမှု၊ တာဝန်ခံမှု၊ အကောင်အထည်ဖော်မှုတို့ကို ကောင်းမွန်ထိရောက်စေရန် ယန္တရားတစ်ခုသဖွယ် တာဝန်ယူဆောင်ရွက်ပေးသည်။ သို့ဖြစ်ရာ Tourism Governance သည် ထိရောက်ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုဟုပင် ပြော၍ရသည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းကဏ္ဍ၌ အစိုးရ၏ စီမံအုပ်ချုပ်မှု Governance အပိုင်းကို လျှော့ချမည်ဆိုခြင်းသည် ခရီးသွားလုပ်ငန်းစနစ်တစ်ခုအတွင်းမှ ပူးပေါင်းဆောင်ရွက်ခြင်းကို လျှော့ချမည်ဆိုသည့် သဘောသက်ရောက်သွားမည် ဖြစ်ပါသည်။ Government သည် ခရီးစဉ်ဒေသတန်ဖိုးကို မူဝါဒပိုင်းအရ မြှင့်တင်ပေးနိုင်မည်ဖြစ်သော်လည်း ခရီးစဉ်ဒေသအတွေ့အကြုံတန်ဖိုးကိုမူ Governance အားဖြင့်သာ မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံခရီးစဉ်ဒေသအသီးသီးတို့၌ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (Destination Management Organizations-DMOs) များကို ခရိုင်/မြို့နယ်အလိုက် ဖွဲ့စည်းတည်ထောင်ထားသည်မှာ Tourism Governance ကို လစ်ဟာမှုမရှိ ထိရောက်အားကောင်းမှုရှိစေရန် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသည် ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း ထင်ရှားသည်။ သို့သော် ထိုစီးပွားရေးသည် ဒေသခံပြည်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအထိ စီးဆင်းသွားရန် လိုအပ်သည်။ Government သည် ခရီးသွားစီးပွား Tourism Revenue/ Tourism Eco -nomy ကို တိုးတက်အောင်ဆောင်ရွက်သည်။ Governance က ထို Tourism Revenue/ Tourism Economy ကို ညီတူညီမျှအကျိုးခံစားနိုင်အောင် ဆောင်ရွက်ပေးသည်။ ထို့ကြောင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဆိုသည်ကို Tourism Governance ကသာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

Tourism Governance ၏အရေးပါပုံကို ကိုဗစ်-၁၉ ကာလအတွင်းနှင့် ပြန်လည်ထူထောင်ရေးကာလအတွင်း လက်တွေ့သိမြင်ပြီး ဖြစ်ကြပေမည်။ ကောင်းမွန်သော ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုသည် မည်သည့်အချိန်တွင် ခရီးသွားဝင်ရောက်မှုကို ရပ်တန့်ထိန်းချုပ်ရမည်၊ မည်သည့်အချိန်တွင် ဖိတ်ခေါ်ဆောင်ရွက်ရမည်ကို နားလည်သည်။ ခရီးသွားလုပ်ငန်း အောင်မြင်မှုကို ခရီးသွားဦးရေ မည်ရွေ့မည်မျှ တိုးတက်လာသည်ဆိုသည့် ကိန်းဂဏန်းအချက်အလက်များနှင့် တိုင်းတာခဲ့ကြသည်။

ယနေ့ခေတ်တွင် ထိုကိန်းဂဏန်းများထက် ပိုမိုအရေးကြီးလာသည်မှာ **“ယင်းတိုးတက်မှုကို မည်သူတို့က မည်သို့စီမံဆောင်ရွက်ခဲ့သနည်း”** ဆိုသည့် မေးခွန်းပင်ဖြစ်သည်။ ခရီးသွားများပိုမိုလာရောက်ရုံဖြင့် ခရီးစဉ်ဒေသတစ်ခု မအောင်မြင်နိုင်ပါ။ ဒေသခံပြည်သူများ ခရီးသွားလုပ်ငန်းမှ အကျိုးခံစားရမည်၊ သဘာဝအလှအပနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ဘဲ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်၊ ခရီးသွားများအတွက် လုံခြုံစိတ်ချရ၍ အရည်အသွေးရှိသော ခရီးသွားအတွေ့အကြုံကို ပေးစွမ်းနိုင်မှသာ စစ်မှန်သော ခရီးသွားလုပ်ငန်းအောင်မြင်မှုဟု ဆိုနိုင်ပေမည်။

Tourism Governance သည် ခရီးသွားလုပ်ငန်းကို ထိန်းချုပ်ရန်သက်သက်မဟုတ် ယနေ့အောင်မြင်မှုအတွက် အဖြေဖြစ်သလို မနက်ဖြန်၏ ရေရှည်တည်တံ့မှုအတွက် အခြေခံအင်အားပင်ဖြစ်ပါသည်။ ။

❑ **ခရီးသွားများပိုမိုလာရောက်ရုံဖြင့် ခရီးစဉ်ဒေသတစ်ခု မအောင်မြင်နိုင်ပါ။ ဒေသခံပြည်သူများ ခရီးသွားလုပ်ငန်းမှ အကျိုးခံစားရမည်၊ သဘာဝအလှအပနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ဘဲ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်၊ ခရီးသွားများအတွက် လုံခြုံစိတ်ချရ၍ အရည်အသွေးရှိသော ခရီးသွားအတွေ့အကြုံကို ပေးစွမ်းနိုင်မှသာ စစ်မှန်သော ခရီးသွားလုပ်ငန်းအောင်မြင်မှုဟု ဆိုနိုင်ပေမည်**

# ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားသည့် နေရာနှင့် စက်တင်ဘာ ၁၇ ရက်တွင် အဆိုပါ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ အလျား ပေ ၁၆၀ နှင့်အနံ ၁၅ ပေခန့် တာပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တာကိုယ်ထည်တိုက်စားခံရမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျားပေ ၁၆၀ ခန့် ထပ်မံအိပ်ပဲ့ပြိုကျသည့်နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Geotextile လုပ်ငန်းဆောင်ရွက်ခြင်း၊ သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေ တုတ်ရိုက်သဲဖြည့်ခြင်း စသည့် မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကူညီဆောင်ရွက်ပေးနေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့အထိရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေး

**ပန်းတောင်း စက်တင်ဘာ ၁၉**

ပန်းတောင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ပထမအကြိမ် မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (ပန်းတောင်း)ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူး အေးမင်းသိန်းနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ယခင်နှစ်များ၏ အောင်ချက်အခြေအနေများကို သုံးသပ်ခြင်း၊ ဘာသာရပ်အလိုက် သင်ကြားရေး၊ သင်ယူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုအားနည်းချက်များကို ဖော်ထုတ်၍ ဖြည့်ဆည်းပေးနိုင်ရေး၊ မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘုတ်ပြင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်၊ ဘုတ်ပြင်းမြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မောင်သန်းနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက်တွင် အထက(ဘုတ်ပြင်း)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



## ပြည်မြို့နယ် ရှမ်းစုကျေးရွာ၌ ကျေးရွာမြေငှားဂရန် ထုတ်ပေး

**ပြည် စက်တင်ဘာ ၁၉**

ပြည်မြို့နယ် ရှမ်းစုကျေးရွာအား ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက လေသာဆောင်ကျောင်းဓမ္မာရုံ၌ ကျင်းပရာ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်တို့က ရှမ်းစုကျေးရွာအတွက် ကျေးရွာမြေငှားဂရန်များကို ပေးအပ်ခဲ့သည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**



မိုင်းစံမြို့တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က တိုက်နယ်ပြည်သူ့ဆေးရုံ၌ မိုင်းစံမြို့ ရဲတပ်ဖွဲ့ ရဲအုပ်ကျော်စွာဝင်း ဦးစီးအဖွဲ့နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မုဒုံမြို့၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် အမှုဆောင်သစ်ရွေးချယ်

**မုဒုံ စက်တင်ဘာ ၁၉**

မွန်ပြည်နယ် မုဒုံမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာနှင့် အမှုဆောင်အသစ် ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ



ဒေါ်စိုးစိုးအေးနှင့် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အသင်းဝင်ကိုယ်စားလှယ်များအား သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုချက်ရယူပြီး သမဝါယမအသင်း ဥပဒေအသစ်အရ အမှုဆောင်သစ်ကို ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းအောင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၁၂၅ ဦးတို့က စက်တင်ဘာ ၁၉ ရက်တွင် တနင်္သာရီမြို့နယ် ချောင်းငယ်ရပ်ကွက်ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တွံတေးမြို့နယ်၌ စံပြမြိုင်-ဆယ်အိမ်စု-ကျိုက်ပါကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်

**တွံတေး စက်တင်ဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ အမြဲတမ်း အတွင်းဝန် ဦးခန့်ဇော်၊ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်က ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စံပြမြိုင်-ဆယ်အိမ်စု-ကျိုက်ပါကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ပစ္စည်းစုဆောင်းဆဲမြေပြင်အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလတွင် ပြီးစီးနိုင်ရေး မှာကြားသည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး အစရှိသည့် လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ၁၉ရက်က အောင်လံမြို့ သာသနဝ့ဗိမာန်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ အောင်လံခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဝင်းလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## တာချီလိတ်မြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

**တာချီလိတ် စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို စက်တင်ဘာ ၁၈ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်က စာဖတ်ခြင်းမှ ရရှိလာသည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်များကို ကြည့်ရှုကြပြီး စာအုပ်ငှားရမ်း ဖတ်ရှုလိုသူများအား အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ အမှတ်(၁)ရပ်ကွက် ကျုံးစုအခြေခံပညာ မူလတန်းကျောင်း၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး နေဘ်လင်းအောင်နှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဖြိုးဝေလင်း(ပြန်/ဆက်)

## သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

❑ *ကျောဖုံးမှ*

ပြိုင်ပွဲများတွင် ဝင်ယှဉ်ပြိုင်ခဲ့သည်။

တက်ဂ်ဘော အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ (Teqball Women's Single)ကို စက်တင်ဘာ ၁၈ ရက်တွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမား ခင်နှင်းဝေသည် ကာဂျစ်စတန်အသင်း၊ အင်ဒိုနီးရှားအသင်း၊ လက်ဘနွန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲစဉ်တိုင်းကို နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့ကာ ရှုံးပွဲမရှိ ရလဒ်ကောင်းများဖြင့် Semi-Final အဆင့်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

အလားတူ တက်ဂ်ဘော အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် (Teqball Women's Doubles) မြန်မာ့လက်ရွေးစင် အားကစားသမားများ ဖြစ်ကြသည့် ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် အုပ်စုပတ်လည်ပွဲစဉ်တွင် ပွဲဦးထွက်၌ ထိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကျန်ရှိသည့်အုပ်စုပတ်လည်ပွဲစဉ်များတွင် ကမ္ဘောဒီးယားအသင်းနှင့် လက်ဘနွန်အသင်းတို့ကို နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းကြောင့် Semi – Final အဆင့်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

စက်တင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီခွဲတွင် တက်ဂ်ဘော အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ (Teqball Women's Single) အကြိုဗိုလ်လုပွဲ (Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် လက်ဘနွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေက အာရုံစူးစိုက်မှု ကောင်းစွာကစားခဲ့၍ လက်ဘနွန်အသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် ၇ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲငယ်တွင် မြန်မာအသင်းမှ ခင်နှင်းဝေက အမှားအယွင်းနည်းနည်းဖြင့် ဆက်လက်ကစားနိုင်ခဲ့၍ လက်ဘနွန်အသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် ၈ မှတ်ဖြင့် လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် (Women's Singles Final) ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

အလားတူ မြန်မာစံတော်ချိန် နံနက် ၈ နာရီတွင် တက်ဂ်ဘော အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ (Teqball Women's Doubles) အကြိုဗိုလ်လုပွဲ (Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် လက်ဘနွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက လက်ဘနွန်အသင်းမှ အားကစားသမားအတွဲတို့ကို ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲငယ်တွင် မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲက လက်ဘနွန်အသင်းမှ အားကစားသမားအတွဲကို ရမှတ် ၁၂ မှတ် ၁ မှတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည့်အတွက် (Women's Doubles Final) ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တက်ဂ်ဘောအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ (Teqball Men's Single) အကြိုဗိုလ်လုပွဲ (Semi-Final) ပွဲစဉ်တွင် မြန်မာအသင်းနှင့် အီရတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် မြန်မာအသင်းမှ စောဖရိုင်းဒေးက အာရုံစူးစိုက်မှုကောင်းစွာဖြင့် ကစားခဲ့သော်လည်း အီရတ်အသင်းမှ အားကစားသမားက ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲငယ်တွင် အမှားအယွင်းနည်းစွာ ဆက်လက်ကစားနိုင်ခဲ့သော်လည်း တစ်ဖက်အီရတ်အသင်းမှ အားကစားသမားက ရမှတ် ၁၂ မှတ် ၁၁ မှတ်ဖြင့် ပွဲပြီးချိန်တွင် အီရတ်အသင်းမှ အားကစားသမားကို ကပ်၍ ရှုံးနိမ့်ခဲ့သည့်အတွက် စက်တင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၁ နာရီတွင် တတိယလုပွဲ ပွဲစဉ်၌ မြန်မာအသင်းမှ စောဖရိုင်းဒေးသည် ဖိလစ်ပိုင်အသင်းမှ အားကစားသမား Prince AGUSTIN နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အလားတူ မြန်မာတက်ဂ်ဘောအသင်းအနေဖြင့် စက်တင်ဘာ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တက်ဂ်ဘောအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ (Teqball Women's Singles Final) ပွဲစဉ်၌ မြန်မာအသင်းမှ ခင်နှင်းဝေသည် အင်ဒိုနီးရှားအသင်းမှ အားကစားသမား Sumaya SUMAYA နှင့် လည်းကောင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ်၄၀ တွင် တက်ဂ်ဘော အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ (Teqball Women's Doubles Final)ပွဲစဉ်၌ မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် ထိုင်းအသင်းမှ အားကစားသမား Suphawadi WONGKHAMC, Jutatip KUNTATONG တို့အတွဲနှင့် လည်းကောင်း တွေ့ဆုံယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ လည်းကောင်း ဇုန်(၄)ဇုန်ခွဲ၍ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ ဇုန် (၄) ဇုန်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက်ကြည့်ရှု အားပေးခဲ့သည်။

ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စု ပတ်လည်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ အိမ်ရှင်ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင် ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ရှင်ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အသင်း ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၃ နာရီမှ စတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေ ဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❋ *ကျောဖုံးမှ*

ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပြိုင်ပွဲကာလ၌ အိမ်ရှင်ဂျပန်အပါအဝင် တောင်ကိုရီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အီရန် စသည့်အာရှထိပ်သီးနိုင်ငံများနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယနေ့တွင် အာရှအားကစားပြိုင်ပွဲသို့ ပထမဆုံးအသုတ်အဖြစ် စတင်ထွက်ခွာသည့် eFootball Mobile နှင့် Console အားကစားသမားများအား မြန်မာနိုင်ငံအီးစပေ့ါအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အီးစပေ့ါအားကစားဝါသနာရှင်များနှင့် ပရိသတ်များက လိုက်ပါအားပေး ပို့ဆောင်ခဲ့ကြပြီး စက်တင်ဘာ ၂၄ ရက်တွင် Honor of Kings (HOK) အသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် PUBG Mobile အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် Mobile Legends: Bang Bang (MLBB) အသင်းတို့ ဂျပန်နိုင်ငံသို့ ဆက်လက် ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ဇွဲမာန်**

❍ *ကျောဖုံးမှ*

နည်းပြချုပ် Ryuji Sueoka က ဦးဆောင်ကိုင်တွယ်လျက်ရှိပြီး ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက်တွင် နီဂါတာ ယူ-၁၇ လက်ရွေးစင်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-AFF**

# တူတန်ခမန်ဘုရင်၏ သင်္ချိုင်းဂူတွင် အထောက်အထားအသစ်များ ထပ်မံတွေ့ရှိ

ကိုင်ရို စက်တင်ဘာ ၁၉

**အီဂျစ်နိုင်ငံရှိ သုတေသီများသည် တူတန်ခမန်ဘုရင်၏ သင်္ချိုင်းဂူအနီးတွင် ဖုံးကွယ်ထားသော အခန်းများရှိနိုင်သည်ဟူသော သက်သေအထောက်အထားအသစ်များကို တွေ့ရှိခဲ့ကြောင်း ဗြိတိန်သိပ္ပံဂျာနယ် Nature တွင် စက်တင်ဘာ ၁၇ ရက်က ဖော်ပြထားသည်။**



ရှေးဟောင်းသုတေသနပညာရှင်များနှင့် ဘူမိရူပဗေဒပညာရှင်များသည် အဆိုပါ သင်္ချိုင်းဂူ၏ တည်ဆောက်ပုံကို လေ့လာခဲ့ကြပြီး မြေအောက်ရေဒါကို အသုံးပြုသည့်အပြင် မြေဆွဲအားအနည်းငယ် ပြောင်းလဲမှုများကိုလည်း တိုင်းတာခဲ့ကြသည်။

ဖုံးကွယ်ထားသည့် ရှုပ်ထွေးသော စင်္ကြံလမ်းများနှင့် အခန်းများရှိနိုင်သည်ဟု ရှာဖွေတွေ့ရှိထားသည့် အချက်အလက်များက ဖော်ပြလျက်ရှိသည်။ ယင်းတို့မှာ တူတန်ခမန်ဘုရင်၏ အလောင်းကို မြှုပ်နှံခြင်း မပြုမီကတည်းက ဖန်တီးတည်ဆောက်ထားခြင်းဖြစ်နိုင်ကြောင်း သုတေသီများက ပြောသည်။

အချို့သော သီအိုရီများအရ တူတန်ခမန်ဘုရင်၏ ယောက္ခမဟု ယူဆရသော မိဖုရားနီဖာတီတီကိုလည်း တူတန်ခမန်ဘုရင်၏ သင်္ချိုင်းဂူအနီးတွင် မြှုပ်နှံသင်္ဂြိုဟ်ထားနိုင်သည်ဟု ဆိုကြသည်။

အကယ်၍ အဆိုပါအချက်အလက်များကို အတည်ပြုနိုင်ပါက ခေတ်သစ်ကာလ၏ အရေးအပါဆုံးနှင့် ရှေးဟောင်းသုတေသနနယ်ပယ်ကို အကြီးအကျယ်ပြောင်းလဲစေနိုင်သည့် တွေ့ရှိချက်များအနက်တစ်ခုအဖြစ် သတ်မှတ်ခံရနိုင်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် မန်ဒူအယ်လ်ဒါမာတီက ပြောသည်။

သို့သော်လည်း အတည်ပြုကောက်ချက်ချရန် စောလွန်းသေးကြောင်း အချို့သော သုတေသနပညာရှင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အကြိမ်(၄၀)မြောက် မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားစာပေပွဲတော်ကို မြို့တော်အူလန်ဘာတာ၌ ဖွင့်လှစ်

**အူလန်ဘာတာ စက်တင်ဘာ ၁၉** အကြိမ်(၄၀) မြောက် မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားစာပေပွဲတော်ကို ပြည်တွင်းနှင့် ပြည်ပမှ ရာနှင့်ချီသည့်စာရေးဆရာများ၊ ထုတ်ဝေသူများ၊ စာဖတ်သူများနှင့် စာပေချစ်သူများဖြင့် နိုင်ငံ၏မြို့တော်အူလန်ဘာတာ၌ စက်တင်ဘာ ၁၈ ရက်တွင် တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။




**ကျင်းပလျက်ရှိ**

အဆိုပါပွဲတော်ကို အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Nomiin Soyolt Yertunts (စာပေယဉ်ကျေးမှုကမ္ဘာ)က မြို့တော်၏အချက်အချာနေရာ ဆပ်ခ်ဘာတာကွင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်သည် စာဖတ်ခြင်း ယဉ်ကျေးမှုနှင့် စာပေများအပေါ် တန်ဖိုးထားခံစားမှုမြှင့်တင်ရန်၊ ကလေးများနှင့် လူငယ်များ စာပေများပိုမိုဖတ်ရှုရန် အားပေးလှုံ့ဆော်မှုနှင့် စာဖတ်သူများအနေဖြင့် စာရေးဆရာများတွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးနိုင်မည့် အခွင့်အရေးပေးရန် ရည်ရွယ်ကြောင်း စီစဉ်သူများကပြောကြားသည်။

"စာများပိုမိုဖတ်ရှုပြီး ကျွန်ုပ်တို့၏ကမ္ဘာမြေကို ချစ်ကြစို့" ဆောင်ပုဒ်အရ ကျင်းပသည့် အဆိုပါစာပေပွဲတော်ကို တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ကာဂျစ်စတန်နိုင်ငံတို့မှ ကိုယ်စားလှယ်များအပြင် စာရေးဆရာ ၃၀၀ ကျော်နှင့် ပုံနှိပ်တိုက် ၂၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

■

# နီပေါ၌ ရေအားလျှပ်စစ်စီမံကိန်းများ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့သော်လည်း လျှပ်စစ်ဓာတ်အား ပြည်ပသို့ ဆက်လက်တင်ပို့

**ခတ္တမန္ဒူ စက်တင်ဘာ ၁၉**

နီပေါနိုင်ငံသည် ဩဂုတ်လလယ်မှ စက်တင်ဘာလလယ်အထိ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့သို့ လျှပ်စစ်ဓာတ်အား တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၁၁ သန်း ဝင်ငွေရရှိခဲ့ကြောင်း နီပေါနိုင်ငံ လျှပ်စစ်အာဏာပိုင်အဖွဲ့က ပြောသည်။

**မြစ်များရေကြီး**

ဩဂုတ် ၂၆ ရက်က ဘိုတက်ကိုချီနှင့် ထရစ်ရှူလီမြစ်များတွင် ရေကြီးမှုကြောင့် ရေအားလျှပ်စစ်စီမံကိန်းများ ပျက်စီးခဲ့သော်လည်း နှစ်နိုင်ငံသဘောတူညီမှုနှင့် အိန္ဒိယနိုင်ငံ၏ လျှပ်စစ်အရောင်းအဝယ်ဈေးကွက်မှတစ်ဆင့် အဆိုပါကာလအတွင်း လျှပ်စစ်ယူနစ်ပေါင်း ၅၆၅ ဒသမ ၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း အစိုးရပိုင် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

**ယာယီဆိုင်းငံ့**

သို့သော်လည်း ချီလီမီနှင့် ထရစ်ရှူလီ ရေအားလျှပ်စစ်စက်ရုံတို့ရှိအဆောက်အအုံများ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့ရပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အား တင်ပို့မှုကိုမူ ယာယီဆိုင်းငံ့ခဲ့သည်။

**ပို့ကုန်ဝင်ငွေ မြင့်မား**

ရေကြီးရေလျှံမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အားတင်ပို့မှုများ ထိခိုက်ခဲ့ပြီး အိန္ဒိယနိုင်ငံသို့ တင်ပို့မှုများလည်း တစ်စိတ်တစ်ပိုင်း ထိခိုက်ခဲ့သော်လည်း အဆိုပါကာလအတွင်း နီပေါနိုင်ငံ၏ ပို့ကုန်ဝင်ငွေသည် ယမန်နှစ် အလားတူကာလထက် ပိုမိုမြင့်မားနေဆဲဖြစ်ကြောင်း နီပေါနိုင်ငံ လျှပ်စစ်အာဏာပိုင်အဖွဲ့မှ ဒါရိုက်တာ အချေရ ဘာဘူဂမ်မီရာက ဆင်ဟွာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံ ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး ၅၄၃ ကီလိုဂရမ် သိမ်းဆည်းရမိ

**ကဘူးလ် စက်တင်ဘာ ၁၉** အာဖဂန် မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် နိုင်ငံမြောက်ပိုင်း တက်ခ်ဟာပြည်နယ်၌ စစ်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မူးယစ်ဆေးဝါးကုန်ကူးသည်ဟု သံသယရှိသူ ကိုးဦးကို ဖမ်းဆီးရမိခဲ့ပြီး တရားမဝင်မူးယစ်ဆေးဝါး ၅၄၃ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၉ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

မှောင်ခိုကူးသူများက လူနာတင်ယာဉ်တစ်စီးအတွင်း ဖုံးကွယ်ထားသည့် အကန့်များထဲတွင် ဘိန်း ၄၂၀ ကီလိုဂရမ်ကို ဝှက်ထားခဲ့ကြောင်းနှင့် ဆက်လက်၍ ပြည်နယ်၏ ရုပ်စ်တက်ခရိုင်အတွင်း ယာဉ်နှစ်စီးထဲမှ ဘိန်းနှင့် ဆေးခြောက် ၁၂၃ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

# တောင်ဆူဒန်၌ ဒုက္ခသည်ပေါင်း ၆၆၁၀၀၀ ကျော်ကို လက်ခံထားရှိ

**ဂျူဘား စက်တင်ဘာ ၁၉**

တောင်ဆူဒန်နိုင်ငံရှိ နေရာပေါင်း ၃၁ နေရာတွင် ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူပေါင်း ၆၆၁၅၂၉ ဦးခန့်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံထားရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

ဒုက္ခသည်အဖြစ် စာရင်းသွင်းထားသူပေါင်း ၆၅၇၄၇၉ ဦးရှိပြီး ခိုလှုံခွင့်တောင်းခံသူ ၄၀၅၀ ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ စက်တင်ဘာ ၁၈ ရက် ထုတ်ပြန်ချက်တွင် ပါရှိသည်။

အဆိုပါ လူဦးရေ၏ အများစုမှာ ဆူဒန်နိုင်ငံမှ ဒုက္ခသည်များဖြစ်ပြီး စုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းရှိသည်။ ထို့နောက် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ဒုက္ခသည်များက နှစ်ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်သည်။ ကျန်ဒုက္ခသည်များမှာ အီသီယိုးပီးယား၊ အီရီထရီးယား၊ ဗဟိုအာဖရိကသမ္မတနိုင်ငံနှင့် အခြားနိုင်ငံများမှ ဖြစ်ကြသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း၌ အကြမ်းဖက်သမား ၁၁ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်း

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၉**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၌ သီးခြားစီပြုလုပ်သည့် စစ်ဆင်ရေးများအတွင်း အကြမ်းဖက်သမား ၁၁ ဦးကို ရှင်းလင်းနိုင်ခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်များက စက်တင်ဘာ ၁၉ ရက်တွင် ပြောသည်။

စစ်ဆင်ရေးတစ်ခုမှာ ပန်ချ်ဂေါခရိုင်ရှိ ဂွါဂိုဒေသတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားငါးဦးကို ရှင်းလင်းနိုင်ခဲ့သည်။ ချာဂိုင်းခရိုင်ရှိ အမင်နာဘတ်နှင့် စီယာချန်းဒေသများတွင် ပြုလုပ်သည့် စစ်ဆင်ရေးများအတွင်း အကြမ်းဖက်သမား ခြောက်ဦးကို ရှင်းလင်းနိုင်ခဲ့ကြောင်း သတင်းရင်းမြစ်များက ပြောသည်။

သေဆုံးသွားသော အကြမ်းဖက်သမားများထံမှ လက်နက်များ၊ ခဲယမ်းများနှင့် ပေါက်ကွဲစေနိုင်သော ပစ္စည်းအမြောက်အမြားကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရင်းမြစ်များက ထပ်မံပြောကြားခဲ့သည်။

ဆင်ဟွာ

# ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက ယခုသီတင်းပတ်အတွင်း ဆော်ဒီက လေကြောင်းတိုက်ခိုက်မှု ၃၀၀ လုပ်ဆောင်ဟု ထုတ်ပြန်

**ဆာနား စက်တင်ဘာ ၁၉**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အနောက်တောင်ပိုင်း တာအစ်ဇ်ပြည်နယ်သို့ ဆော်ဒီတိုက်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှု ၂၆ ကြိမ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုသီတင်းပတ်အတွင်း ယီမင်နိုင်ငံတစ်ဝန်း လေကြောင်းတိုက်ခိုက်မှုစုစုပေါင်း ၃၀၀ လုပ်ဆောင်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ယခုလအစောပိုင်းက ယီမင်နိုင်ငံ အနောက်တောင်ပိုင်းပင်လယ်နီကမ်းရိုးတန်းတစ်လျှောက် ဟူသီတို့၏ သိသာသည့် ချီတက်မှုများအပြီးတွင် ပဋိပက္ခများမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ



## မက်မန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

**မက်မန်း စက်တင်ဘာ ၁၉**

မက်မန်းမြို့နယ်တွင် စက်တင်ဘာ ၁၈ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ M ဇော်လတ်သည် တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများဖြင့် တွေ့ဆုံဆွေးနွေးရာ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးတင်ပြမှုအပေါ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က ပြန်လည်ဖြည့်စွက် ဆွေးနွေးတင်ပြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ခရိုင်(ပြန်/ဆက်)

သစ်တောမှန်လျှင်
အသုံးဝင်၊
အစဉ်ထာဝရ
ထိန်းသိမ်းကြ

# ငှက်ပျောသီးထွက်ကောင်းမွန်ရေး ပင်ညှိုးရောဂါကာကွယ်ပေး

**ယနေ့ နိုင်ငံတစ်ဝန်းတွင် နိုင်ငံတော်အကြီးအကဲ၏ တိုက်တွန်းအားပေးမှုအရ ငှက်ပျောစိုက်ပျိုးမှုကို စိတ်ပါဝင်စားစွာ တိုးချဲ့ဆောင်ရွက်နေကြပါသည်။ ထို့ကြောင့် ငှက်ပျောအောင်မြင်စွာစိုက်ပျိုး၍ အထွက်နှုန်းရရှိနိုင်ရေးအတွက် ဂရုပြုကြရမည့် ပင်ညှိုးရောဂါ ကာကွယ်နိုင်ရေးအတွက် ရေးသားတင်ပြအပ်ပါသည်။**

ချိုချိုစန်း (YAU)

ငှက်ပျောပင်ညှိုးရောဂါသည် အသီးအထွက်နှုန်းကို ကျဆင်းစေပြီး အပင်ပျက်စီးမှုများ ဖြစ်ပေါ်စေ၍ စီးပွားရေးအရ ဆုံးရှုံးမှုများစေသည့် ရောဂါတစ်မျိုးဖြစ်သည်။ ဤရောဂါသည် Fusarium oxysporum f. sp. cubense (Foc) ဟုခေါ်သော မြေဆောင်မှိုက အမြစ်မှတစ်ဆင့် ဝင်ရောက်ပြီး အပင်အစာရေကြောစနစ်များကို ပိတ်ဆို့ဖျက်ဆီးသဖြင့် အောက်ရွက်များမှစ၍ ဝါခြင်း၊ အရွက်ရင့်များ ကျိုးကျ၍ အပင်ညှိုးသေခြင်းနှင့် ပင်စည်အတွင်း ပိုင်းအူသားတစ်သျှူးများ နီညိုရောင်ပြောင်းခြင်းတို့ကို ဖြစ်ပေါ်စေသည်။

ငှက်ပျောပင်ညှိုးရောဂါဖြစ်စေ မှိုသည် အပင်စိုက်ပျိုးထားခြင်း မရှိသောမြေကြီးတွင် နှစ်ပေါင်းများစွာ ရှင်သန်နိုင်သည်။ ဤရောဂါဖြစ်စေသည့် မှိုသည် ရောဂါကူးစက်ခံရသောအပင်များ၊ ရောဂါဖြစ်သည့် စိုက်ခင်းများမှ သွင်းရေ၊ အသုံးပြုသည့် စက်ကိရိယာများနှင့် မြေကြီးမှ လွယ်ကူစွာပြန့်ပွားနိုင်ပြီး တစ်ကြိမ်ကူးစက်ပြီးပါက ၎င်းအခင်းမှ ပြန်လည်ရှင်းလင်းဖယ်ရှားရန် အလွန်ခက်ခဲသည်။ ထို့ကြောင့် နိုင်ငံတကာသုတေသနပညာရှင်များက ပင်ညှိုးရောဂါ ခံနိုင်ရည်ရှိသော ငှက်ပျောမျိုးများနှင့် ဘက်စုံကာကွယ်နှိမ်နင်းနည်းများကို သုတေသနပြုရှာဖွေဖော်ထုတ်၍ အဓိကအားထား အသုံးပြုလာကြသည်။

စိုက်ပျိုးနည်းစနစ်များဖြစ်သည့် သီးနှံအလှည့်ကျ စိုက်ပျိုးခြင်း၊ မြေဖုံးသီးနှံစိုက်ပျိုးခြင်းနှင့် သဘာဝမြေဩဇာများအား အာဟာရဓာတ်မျှတစွာ ထည့်သွင်းပေးခြင်းတို့သည် မြေဆီလွှာဂုဏ်သတ္တိများကို တိုးတက်ကောင်းမွန်စေပြီး ငှက်ပျောပင်ညှိုးရောဂါဖြစ်ပွားမှုကို အထိုက်အလျောက် လျှော့ချနိုင်ကြောင်း နိုင်ငံတကာသုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားကြသည်။ ပီလောပီနံ၊ နာနတ်သီး၊ ကြံ၊ ကြက်သွန်၊ ငရုတ်နှင့် စပါး စသည်တို့ဖြင့် သီးလှည့်စိုက်ပျိုးခြင်းသည် ရောဂါဖြစ်မှုကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း တွေ့ရှိထားကြသည်။

> **❝ ငှက်ပျောပင်ညှိုးရောဂါကို ထိရောက်စွာ ရေရှည်ဟန့်တားနိုင်ရန်အတွက် ရောဂါဒဏ်ခံနိုင်ရည်ရှိသောမျိုး၊ ဇီဝသက်ရှိမှို၊ သဘာဝအပင်စစ်ထုတ်ရည်နှင့် ပင်လုံးပျံ့ဓာတုမှိုသတ်ဆေးများကို သင့်လျော်စွာတွဲဖက်၍ ဘက်စုံရောဂါစီမံခန့်ခွဲမှုနည်းလမ်းများအား အသုံးပြုခြင်းသည် ဓာတုဆေးများအပေါ် အလွန်အကျွံမှီခိုအားထားမှုကို လျှော့ချနိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ် ❞**

သဘာဝမြေဩဇာနှင့် မြေဆွေးများ အသုံးပြုခြင်းသည် အကျိုးပြုအဏုဇီဝသက်ရှိများအား တိုးပွားလာစေပြီး ရောဂါဖြစ်စေသည့်မှိုကို လျှော့နည်းစေသည့် သာဓကများလည်းရှိသည်။ ရောဂါဖြစ်စေသည့်မှိုသည် မြေချဉ်ဓာတ်များ (pH နိမ့်) သောမြေ၌ ပိုမိုပွားများလွယ်သောကြောင့် ယင်းစိုက်ခင်းမြေအမျိုးအစားတွင် ထုံးထည့်ပေးခြင်းသည် ငှက်ပျောပင်ညှိုးရောဂါကို ထိရောက်စွာ ဟန့်တားနိုင်ကြောင်းကိုလည်း အစီရင်ခံထားကြသည်။

ထို့ပြင် ဖော့စ်ဖရပ်ဓာတ်ပါဝင်မှု မြင့်မားသည့်မြေတွင် ရောဂါပြင်းထန်မှုလျော့နည်းလာကြောင်းကိုလည်း တွေ့ရှိထားကြသကဲ့သို့ ဆီလီကွန်ဓာတ်ပါဝင်သော စပါးခွံနှင့် စပါးရိုးပြာ၊ ကယ်ဆီယမ်နှင့်



ရောဂါကျရောက်သဖြင့် အောက်ရွက်များ ဝါနေပုံ။



ရောဂါပြင်းထန်စွာ ကျရောက်သဖြင့် အရွက်ရင့်များကျိုးကျ၍ အပင်ညှိုးသေနေပုံနှင့် ပင်စည်အောက်ခြေအက်ကွဲနေပုံ။

ပိုတက်စီယမ်စီလီကိတ်များကို ဖြည့်စွက်အသုံးပြုခြင်းသည် ငှက်ပျောပင်၏ ရောဂါခံနိုင်ရည်ရှိမှု စနစ်ကို မြှင့်တင်ပေးနိုင်ပြီး ပင်ညှိုးရောဂါ ပြင်းထန်မှုကို လျှော့ချနိုင်ကြောင်း သိရသည်။

ရောဂါဒဏ် ခံနိုင်ရည်ရှိသောမျိုးများ စိုက်ပျိုးခြင်းသည် ရောဂါကို ထိရောက်စွာ ထိန်းချုပ်ဟန့်တားနိုင်မှု အကောင်းဆုံးနှင့် ရေရှည်တည်တံ့သော နည်းလမ်းတစ်ခုဖြစ်သည်။ ယခင်က ကမ္ဘာ့ငှက်ပျောတင်ပို့မှုတွင် အဓိကစိုက်ပျိုးခဲ့သည့် Gros Michel အုပ်စုဝင် ငှက်ပျောမျိုးများသည် ပင်ညှိုးရောဂါဖြစ်စေသည့်မှိုမျိုးကွဲတစ်မျိုး (Foc R-1)ကို အလွန်ခံနိုင်ရည်မဲ့သဖြင့် Cavendish အုပ်စုဝင် ငှက်ပျောမျိုးများ(ဥပမာ - သီးမွှေး)ဖြင့် အစားထိုး စိုက်ပျိုးခဲ့ကြသည်။

ရောဂါဖြစ်စေနိုင်စွမ်းမြင့်သော မှိုမျိုးကွဲအသစ်တစ်မျိုးပေါ်ပေါက်လာခဲ့သောကြောင့် Cavendish အုပ်စုဝင် ငှက်ပျောမျိုးများနေရာတွင် GCTCVs တစ်သျှူးမျိုးကွဲ စပ်မျိုးများကို အစားထိုးစိုက်ပျိုးလာခဲ့ကြသည်။ ထိုမျိုးများသည် ပင်ညှိုးရောဂါဖြစ်စေသည့် မှိုပမာဏများသော စိုက်ခင်းတွင် ရောဂါကို အပြည့်အဝကာကွယ်မှုမပေးနိုင်သော်လည်း အသင့်အတင့် ခံနိုင်ရည်ရှိစေပါသည်။

နိုင်ငံတကာသုတေသနပညာရှင်များက အပင်အစိတ်အပိုင်းများမှ ထုတ်ယူရရှိသည့် စစ်ထုတ်ရည်များကို အသုံးပြု၍ ငှက်ပျောပင်ညှိုးရောဂါဖြစ်စေသည့်မှိုကို ဟန့်တားရန် သုတေသနများစွာ ပြုလုပ်ခဲ့ကြသည်။ တမာရွက်နှင့်အစေ့၊ ကြက်သွန်ဖြူဥ၊ ပတဲကောမြစ်၊ မယ်ရီဂိုးလ်၊ ဒန့်သလွန်ရွက်နှင့်အသီး စသည်တို့မှ ထုတ်ယူရရှိသော စစ်ထုတ်ရည်များနှင့် သစ်ကြံပိုးခေါက်၊ လေးညှင်းပွင့်၊ ချင်း၊ နနွင်း၊ စပါးလင်၊ ယူကလစ်ပင်တို့မှ ထုတ်ယူရရှိသည့် အဆီနှင့် ကြိတ်ဖတ်အနှစ်များသည် ပင်ညှိုးရောဂါဖြစ်စေသည့်မှိုအပေါ် ဟန့်တားနိုင်စွမ်းရှိကြသည်။

ထို့ပြင် အကျိုးပြုဇီဝသက်ရှိများကို အသုံးပြုခြင်းက သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီပြီး ရေရှည်တည်တံ့သော အပင်ရောဂါကာကွယ်နှိမ်နင်းနည်းများထဲမှ တစ်ခုဖြစ်သည်။ အကျိုးပြုဗက်တီးရီးယားများနှင့် ဇီဝသက်ရှိ ထရိုင်ခိုဒါးမားမှိုတို့သည် ငှက်ပျောပင်ညှိုးရောဂါကို ထိရောက်စွာ လျှော့ချနိုင်ကြောင်း ရှာဖွေဖော်ထုတ်ထားကြသည်။ အထူးသဖြင့် ထရိုင်ခိုဒါးမား မှိုမျိုးစိတ်များသည် မြေဆောင်ပင်ညှိုးရောဂါများစွာအား ဟန့်တားနိုင်ကြောင်းကို နိုင်ငံတကာသုတေသနများစွာတွင် ဖော်ပြထားကြသည်။

ပင်လုံးပျံ့ မှိုသတ်ဆေးများဖြစ်သည့် ဘမ်ဇီမီဒါဇိုး (Benzimidazole) အုပ်စုဝင် သိုအိုဖာနိမ့်မီသိုင်း(Thiophanate-methyl)၊ ထရိုင်ဇိုး (Triazole) အုပ်စုဝင် ပရိုပီကိုနာဇော (Propiconazole)နှင့် တဘူကိုနာဇော (Tebuconazole)တို့သည် ငှက်ပျောဖြူစေရီ ယမ်ပင်ညှိုးရောဂါကို ထိရောက်စွာ ဟန့်တားနိုင်ကြောင်း နိုင်ငံတကာသုတေသနများတွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ငှက်ပျောပင်ညှိုးရောဂါအား ထိရောက်စွာ ကာကွယ်နိုင်မည့်နည်းလမ်းကို ရှာဖွေဖော်ထုတ်ရန် ခံနိုင်ရည်မဲ့သည့် ဖီးကြမ်းငှက်ပျောမျိုးအား ရောဂါဖြစ်စေရန် စီမံပြီး သုတေသနပြုလုပ်ခဲ့သည်။ ထို့ပြင် ရွှေနီမျိုးအား ပင်ညှိုးရောဂါ ခံနိုင်ရည်ရှိ မျိုးအဖြစ် ထည့်သွင်းစမ်းသပ်ခဲ့သည်။

ဤသုတေသနတွင် အပင်စစ်ထုတ်ရည်၊ ဇီဝသက်ရှိမှိုနှင့် ဓာတုဆေးကို ထည့်သွင်းအကြိမ်ရေအလိုက် ရောဂါအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခဲ့သည်။ သုတေသနရလဒ်များအရ ရွှေနီငှက်ပျောမျိုးသည် ပင်ညှိုးရောဂါအား အလွန်ခံနိုင်ရည်ရှိပြီး အရွက်ဝါခြင်းနှင့် အူသားအတွင်းပိုင်း အရောင်ပြောင်းလဲမှု အနည်းငယ်သာ ဖြစ်ပေါ်၍ ရောဂါဟန့်တားနိုင်စွမ်း ၉၇ ရာခိုင်နှုန်းရှိသည်။ ရွှေနီမျိုးသည် ငှက်ပျောပင်ညှိုးရောဂါဖြစ်မှုအား အပြည့်အဝကာကွယ်နိုင်၍ ရောဂါဖြစ်ပွားနေသော ဒေသများတွင် ယင်းမျိုးကို စိုက်ပျိုးနိုင်သည်။ ရောဂါဖြစ်ဖူးသော ငှက်ပျောစိုက်ခင်းများတွင် ခံနိုင်ရည်ရှိမျိုးများကို စိုက်ပျိုးခြင်းအားဖြင့် ဓာတုမှိုသတ်ဆေးသုံးစွဲမှုကို ကင်းလွတ်စေနိုင်သည်။

ဓာတုမှိုသတ်ဆေးများ အသုံးပြုခြင်းသည် ပင်ညှိုးရောဂါအား ထိရောက်စွာ ကာကွယ်နိုင်သော်လည်း ဓာတုဆေးဓာတ်ကြွင်းများ လျှော့ချရန်အတွက် အသုံးပြုချိန် မှန်ကန်ရန် အလွန်အရေးကြီးပါသည်။ အပင်သက်တမ်း ရက် ၆၀ (ပြောင်းရွှေ့စိုက်ပျိုးချိန်)တွင် အမြစ်ဇုန်အား Thiophanate-methyl ဆေးရည်၌ ပထမအကြိမ်အဖြစ် တစ်နာရီကြာစိမ်၍ စိုက်ပျိုးခြင်း၊ ရက် ၉၀ တွင် ဒုတိယအကြိမ်နှင့် ရက် ၁၂၀ တွင် တတိယအကြိမ်အဖြစ် အပင်ခြေသို့ ဆေးရည်လောင်းထည့်ခြင်းသည် ရောဂါဖြစ်ပွားမှုကို သိသိသာသာ လျော့နည်းစေခဲ့သည်။ သို့ရာတွင် ဓာတုမှိုသတ်ဆေးများကို ရေရှည်တစ်မျိုးတည်းသာ အသုံးပြုပါက ရောဂါဖြစ်စေသည့် မှိုအတွက်ဆေးယဉ်ပါးမှု ဖြစ်ပေါ်လာနိုင်စေသဖြင့် သတိပြုရန် လိုအပ်သည်။

ဓာတုမှိုသတ်ဆေးများ အသုံးပြုမှုလျှော့ချနိုင်ရန် သဘာဝနှင့် သဟဇာတဖြစ်သော ဇီဝသက်ရှိမှိုများနှင့် တွဲဖက်၍သော်လည်းကောင်း၊ တစ်မျိုးတည်း အလှည့်ကျသော်လည်းကောင်း ထည့်သွင်းအသုံးပြုခြင်းဖြင့် ကောင်းကျိုးရလဒ်များစွာကိုလည်း ရှာဖွေတွေ့ရှိထားကြသည်။ ထရိုင်ခိုဒါးမားမှိုသည် ရောဂါဖြစ်စေသည့်မှိုနှင့် ယှဉ်ပြိုင်ပွားများနိုင်မှု မြင့်မားခြင်း၊ ရောဂါဖြစ်စေသည့်မှိုအား ပျက်စီးစေနိုင်သည့် ဇီဝဒြပ်ပေါင်းများထုတ်ခြင်းနှင့် အပင်၏ ဇီဝကမ္မစနစ်ကို မြှင့်တင်ပေးခြင်းဖြင့် ရောဂါအား ခံနိုင်ရည်ရှိမှုကို မြင့်တက်စေပါသည်။ သို့ရာတွင် ရောဂါဖြစ်စေသည့် မှိုပမာဏသည် ဇီဝသက်ရှိထက် များပြားသောအခြေအနေ၌ အခြားနည်းလမ်းများနှင့် တွဲဖက်အသုံးပြုခြင်းဖြင့် ရောဂါအား ကာကွယ်ဟန့်တားနိုင်မှု ရာခိုင်နှုန်းကို တိုးတက်စေသည်။

သို့ဖြစ်၍ ထရိုင်ခိုဒါးမားမှိုပွားစာ သို့မဟုတ် ပင်လုံးပျံ့ သိုင်အိုဖာနိမ့် မီသိုင်းမှိုသတ်ဆေးဖျော်ရည်တို့ကို အမြစ်ဇုန်အား ပထမအကြိမ် တစ်နာရီကြာစိမ်၍စိုက်ခြင်း၊ တစ်လအကြာတွင် ဒုတိယအကြိမ် ထိုမှိုသတ်ဆေး သို့မဟုတ် ထရိုင်ခိုဒါးမားမှို ထည့်သွင်းခြင်းနှင့် တတိယအကြိမ်တွင် ပတဲကောစစ်ထုတ်ရည်အား ထည့်ခြင်းတို့ကို သတ်မှတ်နှုန်းထားအတိုင်းဖျော်စပ်ကာ အစဉ်တိုင်း တစ်လှည့်စီ အသုံးပြု၍ စမ်းသပ်လေ့လာခဲ့သည်။

ဤဘက်စုံနှိမ်နင်းနည်းများသည် ရောဂါဖြစ်မှုကို သိသာစွာ လျော့နည်းစေပြီး တစ်မျိုးတည်း အသုံးပြုသည့် နည်းလမ်းများထက် ပိုမိုထိရောက်သည့်အပြင် ဓာတုဆေးအသုံးပြုသည့် အကြိမ်ရေကိုလည်း လျှော့ချနိုင်စေသည်ကို တွေ့ရှိရပါသည်။

ဒေသလိုအပ်ချက်အရ ဖီးကြမ်းနှင့် ရခိုင်ကဲ့သို့သော ခံနိုင်ရည်မဲ့မျိုးများကို စိုက်ပျိုးထားရှိ၍ ရောဂါအား ကာကွယ်နှိမ်နင်းမည်ဆိုပါက ထရိုင်ခိုဒါးမား၊ ပင်လုံးပျံ့မှိုသတ်ဆေး (ဥပမာ- သိုအိုဖာနိမ့်မီသိုင်း၊ ပရိုပီကိုနာဇော၊ တဘူကိုနာဇော)နှင့် သဘာဝအပင်စစ်ထုတ်ရည် (ဥပမာ- ပတဲကောမြစ်၊ တမာရွက်၊ တမာစေ့၊ ကြက်သွန်ဖြူ၊ စပါးလင်)တို့အား တွဲဖက်၍သော်လည်းကောင်း၊ တစ်မျိုးတည်းသော်လည်းကောင်း အနည်းဆုံး သုံးကြိမ်အသုံးပြုသင့်ပါသည်။

ပြောင်းရွှေ့စိုက်ပျိုးချိန်တွင် ပင်လုံးပျံ့မှိုသတ်ဆေး သို့မဟုတ် ထရိုင်ခိုဒါးမားဖျော်ရည်ဖြင့် အမြစ်စိမ်ပြီး အပင်သက်တမ်း သုံးလမှစ၍ ထရိုင်ခိုဒါးမား၊ ပင်လုံးပျံ့မှိုသတ်ဆေးနှင့် အပင်စစ်ထုတ်ရည်တို့အား တစ်လှည့်စီ တစ်ကြိမ်နှုန်းဖြင့် တစ်လ သို့မဟုတ် နှစ်လခြားတွင် ဆေးရည်ကို အပင်ခြေသို့ လောင်းထည့်ခြင်းကို ဆောင်ရွက်ပေးသင့်သည်။

ဘက်စုံနှိမ်နင်းနည်းများအနက် သင့်တော်သည့် တွဲဖက်နည်းမှာ အပင်စစ်ထုတ်ရည်အား နောက်ဆုံးအကြိမ်အဖြစ်သာ ထည့်သွင်းအသုံးပြုခြင်းဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*


# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ သက်တော် ၉၉ နှစ်၊ သိက္ခာ ၇၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် စက်တင်ဘာ ၁၉ ရက် စနေနေ့၊ နံနက် ၁၁ နာရီ ၀၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်သာ ကျောင်းတိုက်၊ ပဓာနနာယက ဘဒ္ဒန္တဇနကာဘိဝံသ(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပျဉ်းမကျေးရွာ ခမည်းတော်ဦးဖြူမင်း+မယ်တော်ဒေါ်ရွှေရည်တို့က ၁၂၉၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ် တန်ခူးလဆန်း ၅ ရက်နေ့တွင် တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့တွင် တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့ ရွှေအိုးရပ် ကုန်သည်ကြီးဦးစိန်ညို+ဒေါ်လှနှစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာဝံသ၊ မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ပိုက်ကျိုးဆရာတော် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ၊ အသောကာရုံဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတိ၊ ဇာရာဏသီဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ၊ သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တဝါသဝ၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့၊ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့" တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ တောင်တွင်းကြီးမြို့ တောရဗိမာန်စာသင်တိုက်တို့၌ စာသင်သားရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိပဋိဝိသောဓကအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ချမ်းမြေ့ရိပ်သာကျောင်းတိုက်တည်ထောင်၍ တရားဟောတရားပြ ကမ္မဋ္ဌာနာစရိယတာဝန်များ ဆောင်ရွက်တော်မူခဲ့ခြင်း၊ မြန်မာဘာသာကျမ်းစာ ၃၄ အုပ်နှင့် အင်္ဂလိပ်ဘာသာကျမ်းစာ ၁၀ အုပ် စသောစာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတိုက်နှင့် ရိပ်သာခွဲများအဖြစ် ဟသ်ာတမြို့၊ ပြင်ဦးလွင်မြို့၊ မော်ဘီမြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ လယ်ဝေးမြို့၊ တမူးမြို့တို့၌ တည်ထောင်ဖွင့်လှစ်တော်မူခဲ့ခြင်း၊ ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌လည်းကောင်း၊ အမေရိကန်နိုင်ငံ စပရင်းဖီးမြို့၌လည်းကောင်း၊ ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ခြင်း၊ ဆရာတော်သည် နိုင်ငံပေါင်းများစွာသို့ သာသနာပြုခရီး အကြိမ်(၇၀)ကျော် ကြွရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်၊ ကိန်းဘရစ်ချ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်၊ ဟာဝိုင်ယီတက္ကသိုလ်၊ ဗန်ကူးဗားတက္ကသိုလ်၊ အိုဘာလင်တက္ကသိုလ် စသောပြည်ပနိုင်ငံ တက္ကသိုလ်များ၌ ကမ္မဋ္ဌာန်းတရားများ ဟောကြားပြသတော်မူခဲ့ခြင်းနှင့် ၂၀၁၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ကမ္မဋ္ဌာနနယဒေသကဂုဏ်၊ ဝိပဿနာစရာဝဟဂုဏ်၊ ပဋိပတ္တိဝိသာရဒဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၅ ခုနှစ်တွင် **"အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"** ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၉ ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၉ နှစ်၊ သိက္ခာ ၇၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် (၁၉-၉-၂၀၂၆)၊ စနေနေ့၊ နေ့လယ် ၁၁ နာရီ ၀၃ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဘိုင်ယန်မြူးနစ်က ဘာလင်ကို ဂိုးပြတ်အနိုင်ရရှိပြီး တိုက်စစ်ကစားသမား ဟာရီကိန်း ဘွန်ဒက်စ်လီဂါသမိုင်းတစ်လျှောက် စံချိန်သစ်တင်



ဘိုင်ယန်မြူးနစ် အသင်းသည် စက်တင်ဘာ ၁၉ ရက် နံနက် ၁ နာရီက အဲလီးနက်ဇ်အရီနာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဘွန်ဒက်စ်လီဂါပွဲစဉ် (၄)တွင် ယူနီယံဘာလင်အသင်းကို တိုက်စစ်ခြေစွမ်းပြကာ ခုနစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော တိုက်စစ်ကစားသမား ဟာရီကိန်းသည် ဘွန်ဒက်စ်လီဂါသမိုင်းတစ်လျှောက် ဂိုး ၁၀၀ အမြန်ဆုံးပြည့်မြောက်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ စပါးအသင်း တိုက်စစ်ကစားသမားဟောင်းသည် ဘွန်ဒက်စ်လီဂါသမိုင်းတစ်လျှောက် ပွဲအရေအတွက်အနည်းဆုံး ၉၈ ပွဲဖြင့် ဂိုး ၁၀၀ ပြည့် စံချိန်မှတ်တမ်းကို ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ၎င်းသည် ၂၀၂၃ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၅၄ ပွဲပါဝင်ကစားထားပြီး သွင်းဂိုး ၁၅၂ ဂိုးအထိ ရှိလာပြီဖြစ်သည်။ ယူနီယံဘာလင် အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းဘက်သို့ ဂိုးကန်သွင်းမှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့ပြီး ပြိုင်ဘက်အသင်း၏ တိုက်စစ်ဆင်ထိုးဖောက်မှုများကိုသာ ပွဲချိန်တစ်လျှောက် ဟန့်တား ကာကွယ်ခဲ့ရသည်။ အဆိုပါပွဲစဉ်တွင် တောင်ပံ တိုက်စစ်ကစားသမား မိုက်ကယ် အိုလီဆေး အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးသုံးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါပွဲစဉ် (၄) အပြီးတွင် သုံးပွဲနိုင်တစ်ပွဲသရေ ရလဒ်ဖြင့် ရမှတ် ၁၀ မှတ်ရရှိထားပြီဖြစ်သည်။ ပြိုင်ဘက်ယူနီယံဘာလင်အသင်းက လေးပွဲကစားပြီးချိန်အထိ နိုင်ပွဲရယူထားနိုင်ခြင်းမရှိသေးဘဲ တစ်ပွဲသရေနှင့် သုံးပွဲရှုံးရလဒ် ရရှိထားသည်။

**အောင်ဇော်**

*စာမျက်နှာ ၁၆ မှ*

ဤပေါင်းစပ်တွဲဖက်သည့် ရောဂါဟန့်တားနည်းလမ်းများသည် ဓာတုဆေးကို သုံးကြိမ်ဆက်တိုက် အသုံးပြုခြင်းကဲ့သို့ ရောဂါအား ပိုမိုထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်ပြီး သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ လျော့နည်းစေမည်ဖြစ်သည်။

ထို့ကြောင့် အခင်းသစ်တွင် စတင်စိုက်ပျိုးမည့် တောင်သူများအနေဖြင့် ငှက်ပျောပင်ညှိုးရောဂါအား ကြိုတင်ကာကွယ်ရန်အတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ မြေပြင်စဉ်တွင် ထရိုင်ခိုဒါးမားမှိုပွားစာအား တိုက်ရိုက်ထည့်ခြင်း သို့မဟုတ် ထရိုင်ခိုဒါးမား မြေဆွေးအားထည့်သွင်းခြင်း၊ ပင်ညှိုးရောဂါခံနိုင်ရည်ရှိသော မျိုး(ဥပမာ-ရွှေနီ) သို့မဟုတ် အသင့်အတင့်ခံနိုင်ရည်ရှိသောမျိုး (ဥပမာ - သီးမွှေးခွံဝါ၊ သီးမွှေးခွံစိမ်း၊ ဝက်မလွတ်၊ ဘရာဇီး)များကို ရွေးချယ်စိုက်ပျိုးခြင်း၊ ပင်ညှိုးရောဂါကင်းလွတ်သောအပင်မှ ရရှိသောသားတက် သို့မဟုတ် တစ်သျှူးငှက်ပျောပျိုးပင်များကို ရွေးချယ်စိုက်ပျိုးခြင်း၊ အပင်သက်တမ်းတစ်လျှောက် မိမိ၏စိုက်ခင်းအတွင်း ရောဂါဖြစ်သည့်အပင်များ ရှိ၊ မရှိအား နေ့စဉ်ဂရုပြု၍ စစ်ဆေးခြင်း၊ မိမိစိုက်ခင်းသန့်ရှင်းရေးအတွက် ရောဂါဖြစ်သည့် အပင်များအား မီးရှို့ရှင်းလင်းပြီး သားတက်များအား ကြိုးချည်ကာ အမှတ်အသားပြုခြင်း၊ ရောဂါဖြစ်သည့် အပင်မှထွက်ရှိသော သားတက်များအား တခြားသော ငှက်ပျောစိုက်ခင်းများတွင် လုံးဝမစိုက်ပျိုးမိစေရန် အထူးဂရုပြုခြင်း၊ ရောဂါအား ကြိုတင်ကာကွယ်ဟန့်တားရန် ထရိုင်ခိုဒါးမား၊ အပင်စစ်ထုတ်ရည်နှင့် ပင်လုံးပျံ့ဓာတုမှိုသတ်ဆေးတို့ကို နှုန်းထား၊ ထည့်သွင်းချိန်နှင့် တွဲဖက်မှုအစဉ်တိုင်း မှန်ကန်စွာဖြင့် အသုံးပြုခြင်း၊ ဖော်ထုတ်ထားသည့် ထိရောက်သော ဘက်စုံကာကွယ်နှိမ်နင်းနည်းတို့အား သတ်မှတ်အစဉ်တိုင်း စိုက်ပျိုးရာသီအတွင်း အနည်းဆုံး (၃-၄) ကြိမ်ဖြင့် တစ်လှည့်စီ ထည့်သွင်းခြင်း၊ ရောဂါကူးစက်ပျံ့နှံ့လွယ်သော ရေသွင်း၊ ရေထုတ်မြောင်းမှ ရေစီးကြောင်းများ၊ ရောဂါကျ မြေကြီးနှင့် စိုက်ပျိုးပစ္စည်းများမှတစ်ဆင့် ရောဂါပျံ့နှံ့မှုမဖြစ်စေရန် အထူးဂရုပြု၍ သီးခြားစီမံခန့်ခွဲခြင်း စသည်တို့ဖြစ်ပါသည်။

အချုပ်အားဖြင့် ငှက်ပျောပင်ညှိုးရောဂါကို ထိရောက်စွာ ရေရှည်ဟန့်တားနိုင်ရန်အတွက် ရောဂါဒဏ်ခံနိုင်ရည်ရှိသောမျိုး၊ ဇီဝသက်ရှိမှို၊ သဘာဝအပင်စစ်ထုတ်ရည်နှင့် ပင်လုံးပျံ့ဓာတုမှိုသတ်ဆေးများကို သင့်လျော်စွာတွဲဖက်၍ ဘက်စုံရောဂါစီမံခန့်ခွဲမှုနည်းလမ်းများအား အသုံးပြုခြင်းသည် ဓာတုဆေးများအပေါ် အလွန်အကျွံမှီခိုအားထားမှုကို လျှော့ချနိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

ထို့ကြောင့် ငှက်ပျောပင်ညှိုးရောဂါအား ဘက်စုံနှိမ်နင်းနည်းများအသုံးပြု၍ ကာကွယ်ခြင်းဖြင့် **"ရေရှည်တည်တံ့သော ငှက်ပျောစိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍတိုးတက်ဖို့ ဓာတုဆေးသုံးစွဲမှု အကြိမ်ရေကို လျှော့ချကြပါစို့"** ဟု တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

## အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၉**



၂၀၂၆-၂၀၂၇ ပညာသင်နှစ် ထားဝယ်မြို့နယ် မြို့နယ်ပညာရေးမှူးဖလား အသက် ၁၄ နှစ်အောက်(အမျိုးသား၊ အမျိုးသမီး) အခြေခံပညာ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ ညနေပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များက တီးခတ်ကပြဖျော်ဖြေသည်။

ပထမပွဲစဉ်အဖြစ် အမျိုးသား အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအသင်းနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထားဝယ်မြို့နယ် မြို့နယ်ပညာရေးမှူးဖလား အသက် ၁၄ နှစ်အောက် (အမျိုးသား၊ အမျိုးသမီး) အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၇ သင်းနှင့် အမျိုးသမီးအသင်း သုံးသင်းတို့က အုပ်စုများဖွဲ့၍ အောက်တိုဘာ ၃ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နတ်မောက်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

**နတ်မောက် စက်တင်ဘာ ၁၉**

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မိုးက "လူငယ်နှင့်စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ ထို့နောက် အသိပညာပေး



နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**လှဝင်း**

## မိုင်းပျဉ်းမြို့၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပန်းချီ၊ ကဗျာနှင့်စာစီစာကုံးပြိုင်ပွဲကျင်းပ

**မိုင်းပျဉ်း စက်တင်ဘာ ၁၉**



မိုင်းပျဉ်းမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကျောင်းအဆင့် ဟောပြောပွဲ၊ ပန်းချီ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အထက်တန်းပြဆရာမ ဒေါ်မာလာအောင် နှင့် အလယ်တန်းပြဆရာမ ဒေါ်ထွေးထွေးဝင်းတို့က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော ဆွေးနွေးကြသည်။ ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပရာ အထက်တန်းအဆင့်တွင် ၂၁ ဦး၊ အလယ်တန်းအဆင့်တွင် ၃၃ ဦး၊ မူလတန်းအဆင့်တွင် ၁၉ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၇၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

## အောင်လံမြို့နယ်၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဝါစိုက်တောင်သူများအား ချေးငွေပေးအပ်

**အောင်လံ စက်တင်ဘာ ၁၉**

အောင်လံမြို့နယ်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ပြည်ထောင်စုနိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်မည့် ဝါစိုက်တောင်သူများအား ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဝါစိုက်တောင်သူများကို သက်သာသောအတိုးနှုန်းထားဖြင့် ချေးငွေဆောင်ရွက်ပေးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ




ဦးလှရွှေနှင့် တာဝန်ရှိသူများက ဒေသခံဝါစိုက်တောင်သူများထံ ချေးငွေများ ပေးအပ်ရာ တစ်ဦးလျှင်ငွေကျပ် သိန်း ၅၀ နှုန်းဖြင့် စုစုပေါင်း တောင်သူ ခုနစ်ဦးအား သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျိုက်ထိုခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက်တွင် စုပေါင်းသွေးလှူဒါန်းရာ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ ပြည့်ဖြိုး(ပြန်/ဆက်)

ကျွန်းစုမြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ကျော်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ စက်တင်ဘာ ၁၉ ရက်က အမှတ်(၁)ရပ်ကွက် မြို့မဈေးရှေ့မှ အမှတ်(၂) ရပ်ကွက်ထိ လမ်းဘေးဝဲယာများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ထက်မြင့်(ကျွန်းစု)



**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**



## တမူးမြို့နယ်၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**တမူး စက်တင်ဘာ ၁၉**

တမူးမြို့နယ် ဟဲဇင်းကျေးရွာ စည်သာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ စက်တင်ဘာ ၁၈ ရက်က စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ပြုလုပ်ရာ တမူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းကိုကိုက ခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာပေါင်းစပ်သုံးစွဲရေး၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲရေး၊ လယ်ယာမြေများ၊ မြေလွတ်မြေရိုင်းများနှင့် စီမံကိန်းမြေများပေါ်တွင် ကျူးကျော်ဆောင်ရွက်မှုများ မရှိစေရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ Drum Seeder လက်ဆွဲမျိုးစေ့ချ ကိရိယာအသုံးပြုနည်းများကို ရှင်းလင်းဆွေးနွေးသည်။

**ရတနာ(တမူး)**



(၆၂) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့်စေတီတော်ဝင်း၌ စက်တင်ဘာ ၁၉ ရက်က သဃ်န်းကျွန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်နိုင်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့များပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



မချမ်းဘောမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးအောင်ချိုမြင့်၊ စခန်းမှူး စိုးဝင်းအောင်တို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၉ ရက်က မချမ်းဘောမြို့ပြည်သူ့ဆေးရုံဝင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ပြည့်ဖြိုးအောင်၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ရွှေပြည်သာမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## ဒုတိယကြီးကြပ်ရေးမှူး (၁၀၀) နေရာအတွက် ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်ထုတ်ပြန်ခြင်း
## ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသည့် ဒုတိယ - ကြီးကြပ်ရေးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀ - ၂၀၀၀ - ၂၂၆၀၀၀) ရာထူး(၁၀၀)နေရာအတွက် ၉ - ၉ - ၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ၈ - ၈ - ၂၀၂၆ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

၂။ ဒုတိယကြီးကြပ်ရေးမှူးရာထူး (၁၀၀) နေရာအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည် -

(က) **ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် စာစစ်ဌာန**
- (၁) နေပြည်တော်စာစစ်ဌာန
- (၂) ကချင်ပြည်နယ်စာစစ်ဌာန
- (၃) ကရင်ပြည်နယ်စာစစ်ဌာန
- (၄) ချင်းပြည်နယ်စာစစ်ဌာန
- (၅) စစ်ကိုင်းတိုင်းဒေသကြီးစာစစ်ဌာန
- (၆) တနင်္သာရီတိုင်းဒေသကြီးစာစစ်ဌာန
- (၇) ပဲခူးတိုင်းဒေသကြီးစာစစ်ဌာန
- (၈ ) မကွေးတိုင်းဒေသကြီးစာစစ်ဌာန
- (၉) မန္တလေးတိုင်းဒေသကြီးစာစစ်ဌာန
- (၁၀) မွန်ပြည်နယ်စာစစ်ဌာန
- (၁၁) ရန်ကုန်တိုင်းဒေသကြီးစာစစ်ဌာန
- (၁၂) ရှမ်းပြည်နယ်စာစစ်ဌာန
- (၁၃) ဧရာဝတီတိုင်းဒေသကြီးစာစစ်ဌာန

(ခ) **ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် နေ့ရက်နှင့်အချိန်**

| | | |
|---|---|---|
| (၁) | မေးခွန်းလွှာ (၁) | မြန်မာစာဘာသာရပ်<br>၃၁ - ၁၀ - ၂၀၂၆ ရက် (စနေနေ့)<br>နံနက်(၀၉:၀၀)နာရီမှ(၁၁:၀၀)နာရီအထိ |
| | မေးခွန်းလွှာ (၂) | အင်္ဂလိပ်စာဘာသာရပ်<br>၃၁ - ၁၀ - ၂၀၂၆ ရက် (စနေနေ့)<br>မွန်းလွဲ(၁၃:၀၀)နာရီမှ(၁၅:၀၀) နာရီအထိ |
| (၂) | မေးခွန်းလွှာ (၃) | အထွေထွေဗဟုသုတဘာသာရပ်<br>၁ - ၁၁ - ၂၀၂၆ ရက် (တနင်္ဂနွေနေ့)<br>နံနက်(၀၉:၀၀)နာရီမှ(၁၁:၀၀)နာရီအထိ |

၃။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများအား လျှောက်ထားသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊ အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း)၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (မူရင်း) နှင့် ဘွဲ့လက်မှတ် (မူရင်း) တို့ဖြင့် ၂၈ - ၁၀ - ၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) နှင့် ၂၉ - ၁၀ - ၂၀၂၆ ရက် (ကြာသပတေးနေ့) တို့တွင် ရုံးချိန်အတွင်း (နံနက် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ) ဖြေဆိုလိုသည့် စာစစ်ဌာန၌ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူထားသူများကိုသာ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ဖြေဆိုခွင့်ကတ်ပြားအား သတ်မှတ်ရက်အတွင်းသာ ထုတ်ပေးမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ထုတ်ပေးမည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ ရေးဖြေအောင်မြင်သူများ၏ ခုံအမှတ်နှင့် အမည်စာရင်းအား မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲ၊ နေပြည်တော်နှင့် မြန်မာ့စီးပွားရေးဘဏ်၏ website ဖြစ်သည့် www.meb.gov.mm တို့တွင်လည်း ကြေညာပေးသွားမည်ဖြစ်သည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲ၊ တယ်လီဖုန်းအမှတ် ၀၆၇ - ၃၄၂၁၅၃၁ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက ညောင်ကုန်း(မ) Grade-12 တွင် ပညာသင်ကြားနေသော မောင်ဥက္ကာစိုး၏ ဖခင်အမည်မှန်မှာ ဦးဟန်သိန်း ၉/ပဘန(နိုင်)၁၂၄၁၀၂ ဖြစ်ပါကြောင်း။

**ဦးဟန်သိန်း**

---

## မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာ အထက(ခွဲ)စက်ရုံရွာမကျောင်း G (12) တွင် ပညာသင်ကြားနေ သော မသီရိစံ၏ မိခင်ဖြစ်သူအမည်မှန်မှာ ဒေါ်ဝင်းဇာနီခိုင် ၁၄/နေပ(နိုင်)၁၇၃၆၃၃ ဖြစ်ပါကြောင်း။

**ဒေါ်ဝင်းဇာနီခိုင်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ အထက-နောင်လုံကျောင်းမှ Grade-9 ကျောင်းသူ နန်းမိုးမြင့်သူ ၃/ဘအန(နိုင်)၅၈၁၉၁၁ ၏ဖခင် ဦးမောင်သခွီး (ခ) ဦးသခွီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## အမည်မှန်

ဘားအံမြို့နယ်၊ အထက-နောင်ကမြိုင်ကျောင်း Grade-12 မှ နန်းခင်မြင့်ဌေး ၃/ဘအန(နိုင်) ၅၆၆၄၃၂ ၏ ဖခင်အမည်မှန်မှာ ဦးဇော်သိန်း ၃/ဘအန(နိုင်) ၀၅၇၅၈၂ ဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ အထက(ခွဲ)သာမညကျောင်း Grade-12 မှ နန်းသက်သက်ဇင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၇-၂၀၀၆ ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးခွန်လာအောင် ဖြစ်ပါကြောင်း။

---

## အမည်မှန်

ဘားအံမြို့နယ်၊ အထက(ခွဲ)သာမညကျောင်း Grade-12 မှ (ဘ)ဦးစောသန်းထွန်းနိုင်၏သား စောမျိုးမင်းသန့်၏ အမည်မှန်မှာ စောမျိုးမြင့်သန်း ၃/ဘအန(နိုင်) ၅၅၉၆၈၀ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ပညာဇမ္ဗူထိပ်ကိုယ်ပိုင်အထက်တန်းကျောင်း (Grade-12) မှ နော်သောအယ်ဝါး၏ ဖခင်အမည်မှန်မှာ စောရိချတ် (၇/ကတခ(နိုင်)၁၂၆၁၄၂) ဖြစ်ပါကြောင်း။

**စောရိချတ်**

---

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဆေးရိုးခင်ကျေးရွာ (အထက) Grade-10 မှ မမြရတနာထွန်းအား မမြတ်ရတနာထွန်းဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးမင်းလွင် ဖြစ်ပါကြောင်း။

**(သမီး) မမြတ်ရတနာထွန်း**
**(ဖခင်) ဦးမင်းလွင်**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/သီဟသူ)၊ ဦးပိုင်အမှတ်(၁၁၃)၊ ဧရိယာ(၀.၁၁၀)ဧကအနက်မှ ဧရိယာ (၀.၀၅၅) ဧကအား ဒေါ်ခင်ညွန့်ယဉ် (ဘ)ဦးငွေမောင် ၉/ကပက(နိုင်)၁၀၃၀၆၆မှ တပ်ကုန်းမြို့နယ်မြေစာရင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ်(၁၈၇၀/၂၀၂၆)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်ဌေးဌေးဝေ ပါ (၅)ဦး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား ဒေါ်ဌေးဌေးဝေ ပါ (၅)ဦး(ဘ) ဦးညွန့်ဝေ ၉/တကန(နိုင်)၀၁၄၃၅၂မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး ဦးစိန်ရွှေ(ဘ)ဦးသန်းမောင် ၉/တကန(နိုင်)၀၈၇၆၀၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စံပယ်ခြံ(၂)လမ်း၊ ကွန်ဒိုတိုက်အမှတ်(၅၉)၊ (၃)ခန်းတွဲ၊ (၆)ထပ်တိုက် (Lift-၁) စီးပါ ကွန်ဒိုအဆောက်အအုံမှ အခန်းအမှတ်(၂၀၁/ C)၊ (၃ လွှာ/ဒုတိယထပ်) (C) ဘက်ခြမ်းရှိ ကွန်ဒိုတိုက်ခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ဌေး ၁၂/မရက(နိုင်) ၁၀၁၄၈၄ မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးဇင်မာဝေ ၁၄/ဟသတ(နိုင်)၂၂၁၁၂၄ မှ ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြနှင်းဖြူ (အထက်တန်းရှေ့နေ) (စဉ်-၅၃၃၀၆)**
**အမှတ်(၂၉၂)၊ စံပြ(၂)လမ်း၊ စံပြရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်။**
**ဖုန်း ၀၉-၆၆၈၇၄၁၅၆၂၊ ၀၉-၉၇၈၃၈၄၃၁၂**

---

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်း၊ အကွက်အမှတ်နှင့်အမည် ၃၆ / မန္တလေး ၊ ဦးပိုင်အမှတ် ၃၂ ၊ မြေဧရိယာ( ၀.၀၉၂ )ဧကရှိအိမ်နှင့်မြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန (၁-က) စာရင်းတွင် ဒေါ်မြင့်မြင့်စိန်အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်မြင့်မြင့်စိန်သည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၄၅၃/၂၀၂၆ အရ ဦးမာမက်အီဆပ် အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချ ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးမာမက်အီဆပ်သည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါအိမ်နှင့် မြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးမာမက်အီဆပ်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်၊ ညောင်နှစ်ပင် ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၁၁-ခ နှင့် ၅၁၉-က၊ ဇုန်အမှတ် (၁)M-5 နှင့် C-6 လမ်းထောင့်၊ မြေကွက်အမှတ်- B-၁၉၄ဧရိယာ (၂.၅၀)ဧကရှိသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်လုပ်ငန်းကော်မတီမှ ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် လုပ်ကိုင်ခွင့်အမိန့် (၂၀-၂-၂၀၂၆)မှ (၁၉-၂-၂၀၃၁)အထိ လုပ်ကိုင်ခွင့်ပြုသည်အမိန့်ရရှိထားသည့် မြေကွက်နှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိအမည်ပေါက်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားပြီး လက်ရှိထားကာ လုပ်ကိုင်ခွင့်ပြုအမိန့်တွင်ပါရှိသော လုပ်ကိုင်ခွင့်စည်းကမ်းချက်များအပိုဒ်(၇)နှင့်အညီ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးကျင်အုန်း(၁၂/သကတ(နိုင်)၀၃၅၆၈၄)ထံမှ ဖော်ပြပါပစ္စည်းကို ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နန်းနှင်းနှင်းအေး၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)စဉ်-၁၁၄၄၅/၂၀၁၆ ဒေါ်မေဝင်းမော်(LL.B)စဉ်-၁၃၇၂၈/၂၀၁၇**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၄၀၅ ၊(၆)လမ်း၊အပိုင်း(၃)၊ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊၀၉-၄၄၈၀၂၀၀၄၃**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၅

| | | |
|---|---|---|
| ဒေါ်ခိုင်မေစိုး<br>(တရားလို) | နှင့် | ဒေါ်နွေးနွေးခင်အုန်း<br>(တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေအနောက်(၄)လမ်း၊ (ခြေရင်းခန်း)၊ ၆-လွှာ၊ အမှတ်(၁၀၀၄)ရပ်နေ ဒေါ်နွေးနွေးခင်အုန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ပေးဆပ်ထားသည့် စရန်ငွေ၏နှစ်ဆလျော်ကြေးငွေရလိုမှု (သို့တည်းမဟုတ်)ကျန်ငွေအား လက်ခံ၍ တိုက်ခန်းအား လက်ရောက်ပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၁ ရက် (၁၃၈၈ ခုနှစ်၊ တော် သလင်းလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်တို့က ထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းနွယ်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

---

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ် အထက(၁) G-12 (A) တွင် ပညာသင်ကြားနေသော မသဥ္စာထက်ကျော်၏ ဖခင်အမည်မှန်မှာ ၁၄/ဘကလ(နိုင်) ၁၄၆၆၉၉ ကိုင်ဆောင်သူ ဦးထွန်းကြည်ဖြစ်ပါကြောင်း။

**ဦးထွန်းကြည်**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက ညောင်ကုန်း(မ) Grade-12 တွင် ပညာသင်ကြားနေသော မောင်ဟိန်းရန်နိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်း ၉/မထလ(နိုင်)၂၆၁၆၃၆ ဖြစ်ပါကြောင်း။

**ဦးထွန်း**

---

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက ညောင်ကုန်း(မ) Grade12 တွင် ပညာသင်ကြားနေသော မနုနုလွင်၏မိခင်အမည်မှန်မှာဒေါ်ဌေး ၉/ပဘန(နိုင်)၂၈၀၄၆၆ ဖြစ်ပါကြောင်း။

**ဒေါ်ဌေး**

---

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အထက(ခွဲ) (တောင်ဘို့လှ) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးသူထွန်း ၅/ ခဥန(နိုင်)၀၉၇၅၅၈၏ သမီး မယွန်းဖူးသစ်အား မယွန်းခင်ခင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/70950 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/48097 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီဝင်း ၇/ကတခ(နိုင်)၁၆၈၁၉၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/30369 ယာဉ်လက်ဝယ်ရှိသူ စောလှိုင်မင်းခေတ် ၇/ကတခ(နိုင်)၂၆၂၈၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/99696 ယာဉ်လက်ဝယ်ရှိသူ နော်လဲ့လဲ့ဝင်း ၇/ကတခ(နိုင်)၀၄၄၅၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ်(၁၇၇)၊ ဧရိယာ(၀.၀၉၃)ဧကရှိ ဦးအောင်ကျော်ကျော်(ပါ-၂) ဦး အမည်ပေါက် (နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးအောင်ကျော်ကျော်(ဘ) ဦးစိန်လွင် ၅/ရဘန(နိုင်)၁၇၆၁၃၇၊ ဒေါ်အိမွန်ကျော်(ဘ) ဦးထွန်းလင်း ၉/တကန(နိုင်) ၁၇၀၃၄၆ မှ မြေငှား စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ဝေဇင်ဦး(ဘ)ဦးမြသိန်း ၉/တကန(နိုင်)၁၉၈၃၇၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျန်စစ်သား၊ ဦးပိုင်အမှတ် (၈၉)၊ဧရိယာ(၀.၁၃၀)ဧကရှိ ဦးကိုဦး၊ ဒေါ်စိန်နွဲ့ (ဘ) ဦးမှန်၊ ဦးလှကျော် ၉/တကန (နိုင်)၀၀၄၅၁၁၉၊ ၉/တကန(နိုင်)၀၀၅၁၀၈ အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက် အား ဒေါ်စိန်နွဲ့(ဘ) ဦးလှကျော် ၉/တကန(နိုင်)၀၀၅၁၀၈ မှ အမွေဆက်ခံပိုင်ဆိုင် ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျာရွယ်ပန် ၁/မကန(နိုင်)၂၅၇၅၀၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျာရွယ်ပန်၏ လူပုဂ္ဂိုလ်အခွင့်အရေးကို နှောင့်ယှက်ထိပါးပြီး ညီမ၊ နမချင်း မစာမနာ ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေရန် အကြံဖြင့် မဟုတ်မမှန် ပြောဆိုလျက်ရှိကြောင်း တိတိကျကျသိရှိထားပြီးဖြစ်ပါသည်။ ထိုသို့ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျာရွယ်ပန်၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်း ပျက်စီးစေရန် အကြံဖြင့် မဟုတ်မမှန် ပြောဆိုနေသူများသည် မည်သူမည်ဝါ၊ မည်သည့်ဂုဏ်သိက္ခာ အဆင့်အတန်းရှိကြောင်းကိုလည်း ကျွန်ုပ်၏မိတ်ဆွေမှ တိတိကျကျ သိရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ဤကြေညာစာပါသည့်ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျာရွယ်ပန်၏ လူပုဂ္ဂိုလ်အခွင့်အရေးကို နှောင့်ယှက်ထိပါးပြီး ညီမ၊ နမချင်းမစာမနာ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေရန် အကြံဖြင့် မဟုတ်မမှန်ပြောဆိုခြင်း၊ Facebook, Messenger, Viber, Phone Message တို့မှ တစ်ဆင့် အပြန်အလှန်ပြောဆိုခြင်း၊ ဖြန့်ဝေခြင်းများ၊ ပိုစ့်တင်ခြင်းများ ထပ်မံပြုလုပ်လာပါက ပြုလုပ်သူ လူကြီးမင်းတို့၏ ဂုဏ်သိက္ခာ အဆင့်အတန်းတို့ကို ထောက်ထားငဲ့ညှာခြင်း ပြုတော့မည်မဟုတ်ဘဲ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဂျာရွယ်ပန်၏ ဆန္ဒအတိုင်းတည်ဆဲဥပဒေများဖြင့် ထိထိရောက်ရောက် တရားစွဲဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဂျာရွယ်ပန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်မျိုးထွန်း(LL.B) စဉ်-၁၄၇၀၈**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅/၂၀၃)၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၄၃၁၇၀၇၄၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၅၄

ဒေါ်အေးသိမ့်သိမ့် **နှင့်** ဒေါ်ဝူစိန်(ခ)ဒေါ်ဝမ်ယူစင် (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးလောက်ဆီ)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ ၁၉ x ၂၀ လမ်းကြား ၈၂ လမ်း၊ အမှတ်– ၁၄၉ နေ ဒေါ်ဝူစိန်(ခ)ဒေါ်ဝမ်ယူစင် (ဘ) ဦးကူးရှောက် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးလောက်ဆီ (ဘ) ဦးလျို့ရွှင်ကျိူး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ဝူစိန်(ခ)ဒေါ်ဝမ်ယူစင် (ဘ) ဦးကူးရှောက် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးလောက်ဆီ (ဘ)ဦးလျို့ရွှင်ကျိူး) သင့်အပေါ်၌ တရားလို ဒေါ်အေးသိမ့်သိမ့်က ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (တတ – ၇)၊ ဦးပိုင်အမှတ် (၇) ဧရိယာ(၀.၀၅၅၁)ဧကရှိ ဒေါ်ကျင်နု အမည်ပေါက် ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(မျိုးမင်းထွန်း)**

**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း G–12တွင် တက်ရောက်ပညာသင်ကြားနေသော မနှင်းကလျာ ၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးမင်းထွဋ် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း G–12 တွင် တက်ရောက်ပညာသင်ကြားနေသော မညီညီလွင် ၏ ဖခင်အမည်မှန်မှာ ဦးဖိုးစိုးကြီး ၉/ရမသ(နိုင်) ၁၇၂၆၀၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း G–12တွင် တက်ရောက်ပညာသင်ကြားနေသော မောင်ဇွဲသက်ပိုင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဦး ၇/တငန(နိုင်) ၀၇၀၅၇၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့ ဟိန်းကိုယ်ပိုင် အထက်တန်းကျောင်း G–12 တွင် တက်ရောက်ပညာသင်ကြားနေသော မောင်မာန်ကီး၏ ဖခင်အမည်မှန်မှာ ဦးဟာရှိန်းမာန် ၄/မတန (နိုင်)၀၂၄၄၃၀ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လက်ပံဇင်ရပ်ကွက်၊ အကွက်အမှတ် (၆၂၇)၊ ဦးပိုင်အမှတ် (၅၃+၇၃/၁)၊ စစ်ကိုင်း–မြစ်ငယ်ကားလမ်းပေါ်နှင့် ဝေရောဇနကျောက်စိမ်းစေတီအနီးရှိ မြေကွက်အား ချထားပေးခြင်းခံရသော Green Light Block Mandalay Group Company Limited ၏ ကိုယ်စား (ဦးခင်မောင်အေး ၉/မနမ(နိုင်)၀၆၆၀၆၁ က အမှုတွဲအမှတ်(၂၅၀၀/၂၀၂၆–၂၀၂၇)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လက်ပံဇင်ရပ်ကွက်၊ အကွက်အမှတ် (၆၂၇)၊ ဦးပိုင်အမှတ် (၅၂) ခဲစင်း၊ စစ်ကိုင်း–မြစ်ငယ်ကားလမ်းပေါ်နှင့် ဝေရောဇနကျောက်စိမ်းစေတီအနီးရှိ မြေကွက်အား ချထားပေးခြင်းခံရသော Green Light Block Mandalay Group Company Limited ၏ ကိုယ်စား (ဦးခင်မောင်အေး ၉/မနမ(နိုင်)၀၆၆၀၆၁) က အမှုတွဲအမှတ် (၂၅၀၁/၂၀၂၆–၂၀၂၇)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊မြို့ပတ်(၂)လမ်း၊ ရှမ်းချောင်းကြီးရပ်ကွက်နေ ဦးသန်းဦး ၆/မအရ(နိုင်) ၀၈၄၉၉၁ နှင့် ဒေါ်မိုးအိဖြူ ၆/မအရ(နိုင်)၁၀၃၂၆၂ တို့၏သား မောင်ဖုန်းမိုးဦး (၆/မမန(နိုင်)၂၄၁၁၅၃) သည် မိဘများ၏ပြောဆို ဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သော အပြုအမူများပြုလုပ်ခြင်း၊ မိဘများစိတ်ဆင်းရဲစေသောကိစ္စရပ်များအား ပြုလုပ်နေသည့်အပြင် မိဘများအတိဒုက္ခရောက်စေမည့်ကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါပြုလုပ်၍ ၁၄–၉–၂၀၂၆ ရက်တွင် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံး၀)လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးသန်းဦး၊ ဒေါ်မိုးအိဖြူ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ – ၂၀)
## ပန်းတနော်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၉

ဒေါ်စုစုအေးအောင် **နှင့်** ၁။ ဦးထွန်းထွန်းဝင်း
၂။ ဒေါ်အေးအေးမော်
၃။ ဦးမြစိုး

